# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း**

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘော ပေတည်း။

ယမကဝဂ်( ဓမ္မပဒ-၅)


၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့။ Monday, 1 April 2024 ၁၁၄၁၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုး မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး ၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက် သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်း ရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာ စေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန် အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှု မရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေ ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရ အား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။



ဖျာပုံမြို့နယ် ကြက်ဖမွေးဇောင်းကျွန်းပတ်တာ ဗျိုင်းကဇီးချောင်း ဘေး/ဝဲယာရှိ နွေစပါးစိုက်ခင်းများကို တွေ့ရစဉ်။

## နွေစပါးအောင်ရေ တိုးတက်ရရှိလာသဖြင့် ကြက်ဖမွေးဇောင်းကျွန်းအတွင်း စိုက်ပျိုးသူနှင့် စိုက်ဧက ပိုမိုတိုးတက်များပြားလာ

ကြက်ဖမွေးဇောင်းကျွန်းပတ်တာသည် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းတည်ရှိပြီး ၎င်းဧရိယာအတွင်း ဖျာပုံမြို့နယ်အပိုင် ကျေးရွာအုပ်စုငါးစုနှင့် ဘိုကလေးမြို့နယ်အပိုင် ကျေးရွာအုပ်စုသုံးစု တည်ရှိကာ လက်ရှိတွင် လူဦးရေ ၂၄၆၀၀ ကျော် နေထိုင်လျက်ရှိသည်။ ဧရိယာဧက ၃၄၀၀၀ ကျော် ကျယ်ဝန်းသည့် အဆိုပါကျွန်းပတ်တာအတွင်း လွန်ခဲ့သည့် ၁၉၈၀ ပြည့်နှစ်ဝန်းကျင်ကာလများတွင် မိုးစပါး စိုက်ပျိုးဧရိယာ ဧက ၁၆၀၀၀ ခန့်သာ စိုက်ပျိုးနိုင်ခဲ့ရာမှ ဆည်မြောင်းဦးစီးဌာန၏ စပါး(၁)စီမံကိန်း ၁၉၇၆-၁၉၈၅ ခုနှစ် အကောင်အထည် ဖော် ဆောင်ရွက်ပြီးသည့်နောက်တွင် စိုက်ပျိုးဧရိယာ ဧက ၃၃၀၀၀ ခန့် တိုးတက်ဖော်ထုတ်လာနိုင်ခဲ့သဖြင့် မိုးစပါးဧရိယာ ဧက ၂၉၈၀၀ ဝန်းကျင်အထိ ပိုမိုစိုက်ပျိုးလာနိုင်ခဲ့ကြောင်း စီမံကိန်းအစီရင်ခံစာအရ သိရသည်။ စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍



## ညောင်ဦးမြို့နယ်၌ မြေအောက်ရေသွင်းစိုက်ပျိုးသည့် ဖီးကြမ်းငှက်ပျော စိုက်ပျိုးမှုများလာ

ညောင်ဦး မတ် ၃၁

ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာအုပ်စုအတွင်း မြေအောက်ရေတူးဖော်ကာ မြေအောက် ရေသွင်းစိုက်ပျိုးသည့် ဖီးကြမ်းငှက်ပျောစိုက်ပျိုးတောင်သူ များလာကြောင်း သိရသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❖

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မတ် ၃၁

| | | | |
|---|---|---|---|
| ချောက် | ၄၄ ဒီဂရီဆဲလ်စီးယပ် | မကွေး | ၄၂ ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၂ ဒီဂရီဆဲလ်စီးယပ် | တောင်တွင်းကြီး | ၄၂ ဒီဂရီဆဲလ်စီးယပ် |


ယနေ့ ဖတ်စရာ

**စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်း ဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၂

**နွေရာသီရေရှားပါးမှုများ ဖြစ်ပေါ်လာပါက ဆက်သွယ်သတင်းပေးပို့နိုင်ပါရန် အသိပေးခြင်း**

စာမျက်နှာ » ၁၂

**ခေတ်မီကမ္ဘာကြီးဟာ အံ့မခန်းတိုးတက်နေတဲ့အတွက် အရည်အသွေးမြင့် အထူးကျွမ်းကျင်သူဖြစ်လာဖို့အတွက် အသိပညာနဲ့ အတွေ့အကြုံဟာ လိုအပ်ပြီးရင်း လိုအပ်လာနေပါတယ်။ မရှိမဖြစ်လိုအပ်တာက လုပ်ငန်းခွင်အတွင်းက ကျွမ်းကျင်သူတွေဟာ သူတို့ရဲ့ Hard skills တွေကို မြှင့်တင်ရင်း သူတို့ရဲ့ အသိပညာတွေကို ပိုမိုနက်ရှိုင်းအောင် ကြိုးစားနေရခြင်းပါပဲ။**

ဆောင်းပါး စာမျက်နှာ » ၁၆

ကြေးမုံ

# အပူဒဏ်အန္တရာယ် အထူးသတိပြုကာကွယ်

ယခုအချိန်ကာလသည် အလွန်ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလဖြစ်သည်။ မြန်မာပြည်ရာသီဥတုအနေဖြင့် မတ်လ၊ ဧပြီလနှင့် မေလတို့သည် ပူပြင်းသောကာလများဖြစ်သည်။ မြန်မာတို့၏ ၁၂ လရာသီကာလအားဖြင့် ကဆုန်၊ နယုန်ရာသီကာလသည် မနေနိုင်လောက်အောင် ပူပြင်းလှသဖြင့် “ကဆုန်-နယုန်ဆွေ့ဆွေ့ခုန်” ဟု အမွှမ်းတင်ထားသည်။ နွေရာသီကာလသည် ဖြစ်လေ့ဖြစ်ထဖြစ်သော်လည်း သာမန်အခြေအနေထက် ထူးခြားသည့်အပူဒဏ်ကြောင့် နောက်ဆက်တွဲအကျိုးဆက်များကို သတိပြုရမည်ဖြစ်သည်။

ယခုနွေရာသီကာလ အပူရှိန်မှာ ယခင်နှင့်မတူ ပိုမိုပူပြင်းသည့်ခံစားမှုကို ကြုံတွေ့ရသည်။ ယမန်နှစ်များကလည်း ယခုထက်ပိုမိုပူပြင်းသည့် ခံစားမှုမျိုးကို ရရှိခဲ့ပြီးဖြစ်သည်။ ယခုနှစ် နွေရာသီကာလတွင် အင်အားအသင့်အတင့်ရှိသော အယ်လ်နီညိုဖြစ်စဉ်ကြောင့်လည်း တစ်နေ့တခြားပိုမိုပူပြင်းလာသည့် သဘောများရှိနေသည်။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကလည်း ယခုရက်ပိုင်းကာလများအတွင်း အင်အားအသင့်အတင့်ရှိသော အယ်လ်နီညိုဖြစ်စဉ်အခြေအနေနှင့် နေ့လယ်အပူချိန် ၁ ဒသမ ၅ ဆဲလ်စီးယပ်အထိ မြင့်မားလာမည်ဟု အသိပေးထားသည်။

ပြည်သူများအနေဖြင့် အပူချိန်မြင့်မားလာမှုကြောင့် အပူလျှပ်ခြင်းအန္တရာယ်ကို အထူးသတိပြုသိရှိထားရမည်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်သည် ခန္ဓာကိုယ်အပူချိန် ၁၀၄ ဒီဂရီဖာရင်ဟိုက် (၄၀ ဒီဂရီစင်တီဂရိတ်)နှင့် အထက်ရှိလာလျှင် ကျန်းမာရေးအတွက် အန္တရာယ်ရှိသော အဆင့်သို့ရောက်ရှိလာသည်။ ပြင်ပအပူချိန်မြင့်တက်လာသောအခါတွင် ပတ်ဝန်းကျင်ရှိ ရေနှင့် အရာဝတ္ထုများပါ ပူပြင်းလာသည်ကို တွေ့ရမည်ဖြစ်သည်။ အလားတူ ခန္ဓာကိုယ်အပူချိန်ပါ မြင့်မားလာသည်။ ထို့ကြောင့် အပူချိန်မြင့်မားနေသော နေ့လယ်နေ့ခင်းအချိန်များတွင် အကာအကွယ်မပါဘဲ ပြင်ပသို့ထွက်ခြင်းကို ရှောင်ရှားပြီး အရိပ်အာဝါသအောက်တွင်သာ နေထိုင်ကြရန်လိုအပ်သည်။

အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သောအန္တရာယ်များတွင် အပူလျှပ်ခြင်းသည် အစိုးရိမ်ရဆုံးအခြေအနေဖြစ်သည်။ အပူချိန်မြင့်မားမှုဒဏ်ကို ခံစားရသောကြောင့် ဦးနှောက်၊ နှလုံး၊ ကျောက်ကပ်နှင့် ကြွက်သားများကို ထိခိုက်ပျက်စီးစေနိုင်ပြီး အချိန်မီကုသရန် နှောင့်နှေးနေပါက ထိခိုက်ပျက်စီးနိုင်ခြေမြင့်မားပြီး အသက်အန္တရာယ် ထိခိုက်သည်အထိ စိုးရိမ်ဖွယ်ရာဖြစ်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ အထူးသဖြင့် အပူနှင့်အအေး ကွာခြားချက်မြင့်မားသွားစေနိုင်သည့် အခြေအနေကို အထူးသတိပြုရမည်ဖြစ်သည်။ ပူသောအခြေအနေမှ အေးသည့်အခြေအနေသို့ ရုတ်တရက်ကူးပြောင်းခြင်း၊ အေးသည့်အခြေအနေမှ ပူသောအခြေအနေသို့ ရုတ်တရက်ကူးပြောင်းသည့်အခါ Heat Stroke ဟုခေါ်သည့် အပူလျှပ်ခြင်း၊ လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပြတ်ခြင်း၊ အသက်သေဆုံးခြင်းအထိ ဖြစ်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

အနောက်တိုင်းဆေးပညာအရ ပြင်းထန်သောအပူချိန်ကြောင့် ရေနှင့်မထိတွေ့ရဘဲ သတိမေ့မျောခြင်း၊ စကားမေးမရခြင်း၊ အဖျားကြီးခြင်းနှင့် အပူဒဏ်ကို ကာကွယ်ရင်း အအေး သို့မဟုတ် ရေအေးနှင့် ရုတ်တရက်ထိတွေ့ပြီး မသေဆုံးသင့်ဘဲ သေဆုံးခြင်းဖြစ်သည်။ ဥပမာအားဖြင့် နေပူပြင်းသော နေ့လယ်ပိုင်းအချိန်တွင် ရောဂါအခံရှိသူများ၊ အသက်အရွယ်ကြီးရင့်သောသူများ ရုတ်တရက်ဖြစ်တတ်သည့် အခြေအနေနှင့် အသက်အရွယ်မရွေး အအေးခါတ်ပေးထားသော ယာဉ်၊ အခန်းတွင်းတို့မှ ပူပြင်းနေသောပြင်ပသို့ ရုတ်တရက်ထွက်ရာမှ အသက်အန္တရာယ်ထိခိုက်နိုင်သောအခြေအနေများသည် အပူဒဏ်ကြောင့် အများဆုံးဖြစ်တတ်သော အခြေအနေများဖြစ်သည်။ အပူနှင့်အအေး ဝိရောဓိသည် အလွန်အန္တရာယ်များပြီး အခန့်မသင့်လျှင် ရုတ်တရက်အသက်သေဆုံးနိုင်သည်ကို အထူးသတိပြုရမည်ဖြစ်သည်။

ပူပြင်းသော ယခုလိုရာသီကာလများတွင် အသက်အရွယ်ကြီးရင့်သူများနှင့် ရောဂါအခံရှိသူများအနေဖြင့် အရိပ်ထဲတွင်သာ နေထိုင်သင့်ပါသည်။ တိုင်းရင်းဆေးအလိုအရ နွေရာသီကာလ ရေချိုးလျှင် နံနက်စောစောတွင်သာ ရေချိုးသင့်ပြီး နေ့လယ်ပိုင်းနှင့် ညနေပိုင်းတွင် ရေချိုးခြင်းမပြုလုပ်သင့်ပေ။ ရေမချိုးမီ ရေအေးတစ်ဖန်ခွက်သောက်ပြီးမှ ရေချိုးသင့်သည်။ ရေချိုးလျှင် ဦးခေါင်းမှစ၍ ရေမလောင်းဘဲ ခြေထောက်အဖျားမှ အထက်သို့ တဖြည်းဖြည်းရေလောင်းပြီးမှ ရေချိုးသင့်သည်။ ရေမချိုးမီ ဆီးသွားထားရန်လိုအပ်ပြီး ဆီးများရှိနေပြီး ရေချိုးပါက ဆီးပူ၊ ဆီးအောင့်၊ ညောင်းကျရောဂါဖြစ်တတ်သည်။ ရေချိုးပြီးလျှင် အဝတ်အစားမဝတ်ဘဲ ကြာရှည်စွာမနေသင့်ပေ။ ရေချိုးပြီးလျှင် နွေးထွေးစွာနေသင့်သည်။ နွေရာသီတွင် ထူထဲသောအဝတ်အစားများကို ရှောင်ရှားပြီး ပေါ့ပေါ့ပါးပါး အဝတ်အစားများကို ဝတ်ဆင်သင့်သည်။ နေ့လယ်ပိုင်းနှင့် ညနေပိုင်းအချိန်တွင် သစ်ပင်ရေလောင်းပြီး ရေစိုနိုင်သောအခြေအနေနှင့် နေပူထဲမှပြန်လာပြီး ရေခဲရေသောက်ခြင်းကို ရှောင်ရှားသင့်သည်။

သို့ဖြစ်ရာ အပူဒဏ်အန္တရာယ်သည် လူတို့၏ကျန်းမာရေးကို ထိခိုက်နိုင်သည့်အပြင် အသက်အန္တရာယ်ပါ ဖြစ်နိုင်သဖြင့် သတိပြုရမည့်အချက်များကို လိုက်နာဆောင်ရွက်ကြပြီး နေ့လယ်ပိုင်းတွင် မဖြစ်မနေအပြင်ထွက်ရမည်ဆိုပါက အပူဒဏ်ကာကွယ်မည့် ထီး၊ ဦးထုပ်၊ နေကာမျက်မှန်တို့ကို အသုံးပြုကြပြီး အပူဒဏ်အန္တရာယ်ကို သတိပြုကာကွယ်ကြရမည်ဖြစ်ပါကြောင်း။ ။

## အစိုးရဓမ္မာစရိယစာမေးပွဲ စတုတ္ထနေ့ ကျင်းပ

နေပြည်တော် မတ် ၃၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့(စတုတ္ထနေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၇ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၃၆၈၆ ပါး/ဦး အနက် ၁၀၉၂၇ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၈၄ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်း ကို သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ စီးပွားရေးရာဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနေလွင် ကို သတင်းနှင့် လုံခြုံရေးဆိုင်ရာဌာနကြီး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မိုင်းလားမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မိုင်းလား မတ် ၃၁



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ကန်ကျေးရွာ၊ ကော်နဝါးကျေးရွာနှင့် ပန်ယောင်းကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ လုပ်ကိုင်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ မိုင်းလားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးစိုးလွင်နှင့် စီမံကိန်းဝန်ထမ်းများသည် ဝမ်ကန်ကျေးရွာ၊ ကော်နဝါးကျေးရွာနှင့် ပန်ယောင်းကျေးရွာတို့ရှိ မြစိမ်းရောင်အသင်းသူအသင်းသားများက အရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခေတ္တခရိုင် ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါကျေးရွာတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အသင်းသူ အသင်းသား ၂၂ ဦးအား ရန်ပုံငွေကျပ် ၂၄၄ သိန်းကို နဝမအကြိမ်မြောက်အထိ ထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၂၂၂

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၃၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဧပြီ ၁ ရက်မှ ၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ စက်မှုယန္တရားဌာနခွဲ(လှော်ကား)၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၃၁**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ စက်မှုယန္တရားဌာနခွဲ (လှော်ကား)၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ်ရှိ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန စက်မှုယန္တရားဌာနခွဲ(လှော်ကား)သို့ ရောက်ရှိရာ တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းကြီးများတွင် အသုံးပြုနေသည့် စက်ယန္တရား/ယာဉ်များအား ဘဏ္ဍာရေးနှစ်အလိုက် အကြီးစားပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်မှုနှင့် ဂိုဒေါင်များအတွင်း စက်အရန်ပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ရေအားလျှပ်စစ်စီမံကိန်းများသည် စက်ယန္တရားများကို အဓိကအားပြုလုပ်ကိုင်ရသဖြင့် ယန္တရားအလုပ်ရုံများအနေဖြင့် ပြုပြင်ရမည့်အပိုင်းများကို သေချာစွာပြင်ဆင်သွားရန်နှင့် စက်စွမ်းရည်အပြည့် အသုံးချနိုင်ရေး ပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပစ္စည်းများ ရရှိ / ထုတ်ပေး / သုံးစွဲ/ လက်ကျန်စာရင်းများကိုလည်း စနစ်တကျ မှတ်တမ်းရေးသွင်း ထိန်းသိမ်းထားရှိရန် လိုအပ်ကြောင်း၊ ပစ္စည်းအဟောင်းများကိုလည်း ဘုတ်အဖွဲ့ဖွဲ့စည်း၍ ဆယ်တင်ပစ္စည်းနှင့် လေလံတင်ပစ္စည်းဟူ၍ စနစ်တကျခွဲခြားပြီး လေလံတင်ရောင်းချနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အချို့သော စီမံကိန်းပစ္စည်းများကိုလည်း မိုးရာသီမရောက်မီ ပေးပို့ထားရန်လိုအပ်ကြောင်း၊ နွေရာသီကာလရောက်ရှိပြီဖြစ်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်ပြီး ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်သွားရန် လိုအပ်ကြောင်း၊ ဝန်ထမ်းအိမ်ရာလိုင်းခန်းများအား စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းများ၏ အခက်အခဲများ လွတ်လပ်စွာ တင်ပြနိုင်ရေး တွေ့ဆုံပွဲများ၊ ဆန္ဒဖော်ထုတ်ပွဲများ လစဉ်ပြုလုပ်၍ ဖြေရှင်းဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းလုပ်ငန်းကြီးများတွင် အသုံးပြုနေသည့် စက်ယန္တရား/ယာဉ်များ ပြုပြင်ထိန်းသိမ်းနေမှု အခြေအနေ၊ စက်ယန္တရားကြီးများ၏ အရန်ပစ္စည်းများ စနစ်တကျ သိုလှောင်ထားရှိမှု အခြေအနေနှင့် ဝန်ထမ်းအိမ်ရာများအား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ် ပိုစတာကြီးများစိုက်ထူထားပြီး တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်

**နေပြည်တော် မတ် ၃၁**

၂၀၂၄ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်သည့် (၇၉)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပင်လောင်းမီးပွိုင့်လမ်းဆုံနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိသည်။

အလားတူ ပင်လောင်းလမ်းဆုံမှ စစ်ရေးပြကွင်းကြီးသို့ သွားရောက်သည့် လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ဆောင်ပုဒ်များကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် စိုက်ထူထားပြီး စစ်ရေးပြကွင်းအဝင်ဝရှိ မုခ်ဦးကြီးကိုလည်း ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။

စစ်ကြောင်းကြီးများ ချီတက်ရာလမ်းကြောင်း တစ်လျှောက်၌ စစ်ကြောင်းများ၏ ကိုယ်စားပြုအရောင်အလှမီးများ၊ မီးအလှထွန်းသည့် Truss Beam များ၊ မီးဆိုင်းများ၊ Light Box များ၊ Lighting Pole များဖြင့်လည်းကောင်း၊ စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦးတွင် LED Strip Light များ လမ်းဘေးဝဲ/ယာတစ်လျှောက်၌ မိုးစက်မီးများ၊ Up Light များ၊ Program LED Strip Light များ၊ ရောင်စုံအလှမီးများဖြင့် ဆင်ယင်ထားပြီး စစ်ကြောင်းကြီးများအား ဂုဏ်ပြုကြိုဆိုပါ၏ စာတန်းများ၊ နိုင်ငံတော်အလံနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများကို Lighting Effect မီးအလှများဖြင့် ပုံဖော်၍လည်းကောင်း၊ စစ်ရေးပြကွင်းအတွင်း အလေးပြုခံစင်မြင့် မျက်နှာမူရာရှိ သစ်ပင်များ၌လည်း Handmade အလှမီးများဖြင့်လည်းကောင်း၊ မင်းကြီးသုံးပါး ရုပ်တုအောက်ခံ၌ တပ်မတော်အလံပုံဖော်ထားသည့် ကြယ်တံဆိပ်နှစ်ခုအား LED Strip Light များဖြင့်လည်းကောင်း၊ အသီးသီးပုံဖော် အလှဆင်ထားသည်ကို ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်မည်ဖြစ်သည်။

ထို့အပြင် ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင်လည်း မီးအလှများဖြင့် ဖန်တီးပုံဖော်ထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် (၇၉) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်တံဆိပ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များတွင် အသုံးပြုသည့် ယာဉ်ယန္တရားပုံစံငယ်များ၊ ရေယာဉ်ပုံစံငယ်များ၊ လေယာဉ်ပုံစံငယ်များ၊ ရဟတ်ယာဉ်ပုံစံငယ်များကို ပြသထားသည်။ ပန်းခြံအတွင်း ဖိုင်ဘာဖြင့် ပြုလုပ်ထားသည့် စစ်သည်ရုပ်တုငယ်များ၊ ပုံဖော်ထားသည့် ပန်းအလှများ၊ သစ်ပင်များတွင် တပ်ဆင်ထားသည့် မီးရောင်စုံများ၊ မီးရောင်စုံများဖြင့် ပြုလုပ်ထားရှိရာ ယနေ့တွင်လည်း လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းသို့ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု



**တောင်ကြီး မတ် ၃၁**

ရှမ်းပြည်နယ် တောင်ကြီးမြို့ T.B.C စီးပွားရေးဇုန်ရှိ Green Gold ကော်ဖီစိုက်ပျိုး ထုတ်လုပ်ရေး သမဝါယမအသင်းသို့ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသည် စက်ရုံအတွင်းရှိကော်ဖီသီးလှုံးစိုအခြောက်ခံနေမှု၊ ခွဲခြမ်းသန့်စင်မှုနှင့် ထုပ်ပိုးထားမှုအခြေအနေများကို သွားရောက်ကြည့်ရှုသည်။

**တင်ပို့နိုင်ခဲ့**

ပြည်ပပို့ကုန် ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားရန်နှင့် လွိုင်လင်၊ ဟိုပုံး၊ မိုင်းပွန်ဒေသမှ ကော်ဖီစိုက်ပျိုး ထုတ်လုပ်ရေး သမဝါယမအသင်းသား တောင်သူများ၏ ကော်ဖီသီးနှံများအား အသင်းသား အကျိုးအမြတ်ရရှိစေရေးနှင့် ပြည်ပပို့ကုန်လျာထားချက် ပြည့်မီအောင် အလေးထားဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။ အဆိုပါ အသင်းတွင် အသင်းသား ၉၁၈ ဦးရှိပြီး ယခင်နှစ် ကော်ဖီရာသီတွင် ကော်ဖီတန်ချိန် ၁၅၆ ဒသမ ၇ တန် ပြည်ပသို့ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

**နေပြည်တော် မတ် ၃၁**

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးငွေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် သက်သာသောအတိုးနှုန်းဖြင့် ချေးငွေထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၂၀(ဂ)တွင် သတ်မှတ်ပြဋ္ဌာန်းချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို နိုင်ငံတော်၏မတည်ထောက်ပံ့ငွေဖြင့် ထူထောင်ထားရှိပြီး ဖြစ်ပါသည်။ အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးငွေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် သက်သာသောအတိုးနှုန်းဖြင့် ထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ MSME ချေးငွေများ ထုတ်ချေးရာတွင် အောက်ဖော်ပြပါလုပ်ငန်းများအား ဦးစားပေးအနေဖြင့် ထုတ်ချေးမည်ဖြစ်ပါသည်-

(က) တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်သည့်လုပ်ငန်းများ၊
(ခ) နိုင်ငံ၏ပို့ကုန်ဝင်ငွေ တိုးတက်စေသည့်လုပ်ငန်းများ၊
(ဂ) ဒေသထွက်ကုန်ကြမ်းများကိုအခြေခံ၍ ထုတ်လုပ်သောလုပ်ငန်းများ၊
(ဃ) သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊
(င) ပြည်သူများ၏ အလုပ်အကိုင်ရရှိရေး ဖန်တီးပေးနိုင်သည့် လုပ်ငန်းများ၊
(စ) စွမ်းအင်ချွေတာရေးလုပ်ငန်းများ၊
(ဆ) လုပ်ငန်းအတွင်း စွန့်ပစ်ရေဆိုးများအား ထိန်းသိမ်းခြင်းနှင့် ပတ်ဝန်းကျင်အန္တရာယ်ကျရောက်မှုမှ ကင်းဝေးရန် ဆောင်ရွက်မည့်လုပ်ငန်းများ၊
(ဇ) ပြည်သူများ၏ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရေး မြှင့်တင်နိုင်သည့် လုပ်ငန်းများ၊

၃။ MSME ချေးငွေစည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | သတ်မှတ်ချက် |
|---|---|---|
| ၁ | MSME လုပ်ငန်း တစ်ခုသို့ အများဆုံး ထုတ်ချေးမည့် ပမာဏ | အသေးစားစီးပွားရေးလုပ်ငန်းအတွက် ကျပ်(၁၀)သန်း၊<br>အငယ်စားစီးပွားရေးလုပ်ငန်းအတွက် ကျပ်(၅၀)သန်း၊<br>အလတ်စားစီးပွားရေးလုပ်ငန်းအတွက် ကျပ်(၁၀၀)သန်း၊<br>(မြန်မာ့အာမခံလုပ်ငန်း (သို့မဟုတ်) အခြားအာမခံ ကုမ္ပဏီတစ်ခုခု၏ CGI စနစ်ဖြင့် ရယူထုတ်ချေးလိုပါက မြန်မာ့အာမခံလုပ်ငန်း (သို့မဟုတ်) အခြားအာမခံကုမ္ပဏီနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။) |
| ၂ | ချေးငွေ အတိုးနှုန်းနှင့် သက်တမ်း | (က) Fixed Capital အနည်းဆုံး (၃၀%) နှင့်အထက် အသုံးပြုမည့်ချေးငွေ အတိုးနှုန်း တစ်နှစ်လျှင်(၃%)နှင့် ချေးငွေသက်တမ်း အများဆုံး (၃) နှစ်၊<br>(ခ) Working Capital (၁၀၀%) အသုံးပြုမည့် ချေးငွေအတိုးနှုန်း တစ်နှစ်လျှင် (၄%) နှင့် ချေးငွေသက်တမ်းအများဆုံး (၁)နှစ် (၆)လ၊<br>(ဂ) CGI စနစ်ဖြင့် ထုတ်ချေးမည့် ချေးငွေအတိုးနှုန်း တစ်နှစ်လျှင် (၅%)၊<br>(CGI စနစ်ဖြင့် ငွေချေးယူသူသည် အထက်ပါအတိုးနှုန်း တစ်နှစ်လျှင် (၅%) အပြင် မြန်မာ့အာမခံလုပ်ငန်း (သို့မဟုတ်) အခြားအာမခံကုမ္ပဏီတစ်ခုခု၏ ပရီမီယံကြေးနှုန်းကို ထပ်ဆောင်းကျခံရမည် ဖြစ်ပါသည်။) |
| ၃ | ချေးငွေအတွက်အာမခံ | ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ ချေးငွေလုံခြုံမှုအတွက် အာမခံပေးအပ်ရပါမည်။ |

၄။ MSME ချေးငွေလျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် ဖြစ်ပါသည်-

(က) စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနက ထုတ်ပေးသော SME Member Card (သို့မဟုတ်) ယာယီမှတ်ပုံတင်လက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။
(ခ) သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများ၏ သက်တမ်းရှိ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ပြသနိုင်သူဖြစ်ရမည်။
(ဂ) ကုမ္ပဏီဖြစ်ပါက မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (The Myanmar Companies Law) အရ မှတ်ပုံတင်ထားသည့်ကုမ္ပဏီ ဖြစ်ရမည်။
(ဃ) ချေးငွေအား ပြန်လည်ပေးဆပ်နိုင်မည့် ခိုင်လုံသော စီးပွားရေးအခြေအနေရှိရမည်။
(င) ဤချေးငွေကိုမရယူမီ မြန်မာ့စီးပွားရေးဘဏ်အပါအဝင် ငွေရေးကြေးရေးအဖွဲ့အစည်းများတွင် ချေးငွေရယူထားပါက ချေးငွေပြေကျေပြီးသူဖြစ်ရမည်။
(စ) ချေးငွေအတွက် ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ လုံလောက်သောအာမခံ ပေးအပ်ရမည်။
(ဆ) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွင့်လှစ်ထားသော MSME Agency များမှ လုပ်ငန်းအမှန်တကယ်လုပ်ကိုင်ဆောင်ရွက်နေကြောင်း ထောက်ခံချက်တင်ပြနိုင်ရမည်။

၅။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ထုတ်ချေးသောချေးငွေကိုရယူလိုသူ MSME လုပ်ငန်းရှင်များအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီရုံးခွဲများမှတစ်ဆင့် ချေးငွေများ စတင်လျှောက်ထားနိုင်ပါသည်။ ချေးငွေလျှောက်ထားသူ MSME လုပ်ငန်းရှင်များအား မြန်မာ့စီးပွားရေးဘဏ်မှ စတင်ထုတ်ချေးမည်ဖြစ်ပြီး နောင်တွင် အခြားပုဂ္ဂလိကဘဏ်များကပါ ပါဝင်ထုတ်ချေးနိုင်ရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နီးစပ်ရာ MSME အေဂျင်စီရုံးခွဲများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

# မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး မတ် ၃၁**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ မတ် ၃၀ ရက် မွန်းလွဲပိုင်းက ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကား သိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်း အဝေး ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားသည်။

**တင်ပြဆွေးနွေး**

ထို့နောက် တက်ရောက်လာသည့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ များက ဗဟိုမဏ္ဍပ်ဆောက်လုပ်ခြင်း၊ ရေကစားမဏ္ဍပ် ဆောက်လုပ်ခြင်း၊ ခေတ်ပေါ်တေးဂီတဖျော်ဖြေခြင်း၊ ယိမ်းပြိုင်ပွဲကျင်းပခြင်း၊ ဆုချီးမြှင့်ခြင်းနှင့် စတုဒိသာ ကျွေးမွေးခြင်းစသည့် လုပ်ငန်းကော်မတီအလိုက် အသီးသီးတင်ပြဆွေးနွေးခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန် မှာကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရပ်ကွက်/ကျေးရွာအုပ်စု/ဌာနဆိုင်ရာ ပြိုင်ပွဲဝင်ယိမ်း အဖွဲ့ ၁၉ ဖွဲ့၊ ညှော်ခံဖျော်ဖြေရေး သီးခြားယိမ်းအဖွဲ့ လေးဖွဲ့အပြင် မြို့တွင်း၌ သင်္ကြန်ကားဖြင့် ယိမ်းအဖွဲ့ နှင့် တေးဂီတအဖွဲ့များက လိုက်လံဖျော်ဖြေတင်ဆက် ပေးမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





ရန်ကုန်တိုင်းဒေသကြီး အလုံခရိုင် လူငယ်ရေးရာကော်မတီကကြီး မှူးကျင်းပသော ကင်းထောက်လူငယ်သင်တန်းဆင်းပွဲအခမ်းအနား ကို မတ် ၂၉ ရက်က အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက် တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပရာ အလုံခရိုင်လူငယ်ရေးရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်ဇာနည်လွင်ကသင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။ တင်ဝင်းတင်

# စိုက်ပျိုးနည်းပညာနှင့် ဈေးကွက်သတင်းအချက်အလက်များ ရယူသုံးစွဲနိုင်ရေး သင်တန်းဖွင့်လှစ်

**ဇမ္ဗူသီရိ မတ် ၃၁**

စိုက်ပျိုးရေးဦးစီးဌာနက ကျေးရွာအရောက် တောင်သူအသုံးချ ဆက်သွယ်ရေး နည်းပညာပေး သင်တန်းများ ပို့ချပေးခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ စိုက်ပညာရှင်ကွင်းဆင်း ဝန်ထမ်းများအတွက် TOT Training များ ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၃၀ ရက်က နေပြည်တော်တိုင်း စိုက်ပျိုးရေးဦးစီးဌာန၌ တောင်သူများ Mobile Phone အသုံးပြု၍ စိုက်ပျိုးနည်းပညာနှင့် ဈေးကွက်သတင်းအချက်အလက်များ ရယူသုံးစွဲနိုင်ရေး သင်တန်း (TOT Training) ကို ဖွင့်လှစ်ခဲ့သည်။

**သင်ကြား**

အဆိုပါ သင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန ရုံးချုပ်မှ e-Government ပညာရှင် အဖွဲ့များက Mobile phone ဖြင့် DOA Website အသုံးပြုခြင်း၊ ဈေးကွက်သတင်းအချက်အလက်များနှင့် စိုက်ပျိုးနည်းပညာများရယူခြင်း နည်းလမ်းများနှင့် အခြား ICT ဆိုင်ရာ အထွေထွေဗဟုသုတများအား သင်ကြားပေးခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ်အသီးသီးမှ စိုက်ပညာရှင် ကွင်းဆင်းပညာပေး ဝန်ထမ်း ၃၀ တက်ရောက် သင်ကြားခဲ့ကြသည်။

**ဟိန်းသူအောင်(ပြန်/ဆက်)**



# အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်ပေးမည့် တက္ကသိုလ်ဝင်စာမေးပွဲ စစ်မေးမည့် အချိန်စာရင်းနှင့် စာစစ်ဌာနများစာရင်း သတ်မှတ်ကြေညာခြင်း

၁။ ကျင်းပပြီးစီးခဲ့သည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် မရခဲ့ကြသည့် ဒေသအချို့ရှိ ကျောင်းသား ကျောင်းသူများအတွက် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီပေးမှုနှင့် သတ်မှတ်ထားသည့် အခြေခံပညာကျောင်းများရှိ စာစစ်ဌာနများသို့ ကျောင်းသား ကျောင်းသူများအား စုစည်းခေါ်ယူ၍ စာမေးပွဲဖြေဆိုစေမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်မည့် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်းနှင့် စာစစ်ဌာနများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည် -

**စာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာရပ် |
|---|---|---|
| ၁ | ၂ | ၃ |
| ၂၉-၄-၂၀၂၄ တနင်္လာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | မြန်မာစာ |
| ၃၀-၄-၂၀၂၄ အင်္ဂါနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | အင်္ဂလိပ်စာ |
| ၂-၅-၂၀၂၄ ကြာသပတေးနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | သင်္ချာ |
| ၃-၅-၂၀၂၄ သောကြာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | ဓာတုဗေဒ/ ပထဝီဝင် |
| ၄-၅-၂၀၂၄ စနေနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | ရူပဗေဒ/ သမိုင်း |
| ၆-၅-၂၀၂၄ တနင်္လာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | ဇီဝဗေဒ/ ဘောဂဗေဒ |

**စာမေးပွဲကျင်းပမည့်စာစစ်ဌာနများ**

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် | စာစစ်ဌာန |
|---|---|---|---|
| ၁ | ကချင်ပြည်နယ် | မြစ်ကြီးနား | အထက(၉)မြစ်ကြီးနား |
| ၂ | ကရင်ပြည်နယ် | ဘားအံ | အထက(၂)ဘားအံ |
| ၃ | ချင်းပြည်နယ် | မတူပီ | အထက(၂)မတူပီ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | မုံရွာ | အထက(၂)မုံရွာ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | အထက(၁)ထားဝယ် |
| ၆ | နေပြည်တော် | ဇမ္ဗူသီရိ | အထက(၁၄) |
| ၇ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | တောင်ငူ | အထက(၁)တောင်ငူ |
| ၈ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ပြည် | အထက(၅)ပြည် |
| ၉ | မကွေးတိုင်းဒေသကြီး | မကွေး | အထက(၃)မကွေး |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | အောင်မြေသာစံ | အထက(၈)အောင်မြေသာစံ |
| | | ပြင်ဦးလွင် | အထက(၂)ပြင်ဦးလွင် |
| | | မိတ္ထီလာ | အထက(၁)မိတ္ထီလာ |
| ၁၁ | မွန်ပြည်နယ် | မော်လမြိုင် | အထက(၇)မော်လမြိုင် |
| ၁၂ | ရခိုင်ပြည်နယ် | စစ်တွေ | အထက(၁)စစ်တွေ |
| | | | အထက(၂)စစ်တွေ |
| | | | အထက(၄)စစ်တွေ |
| | | | အထက(၅)စစ်တွေ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | သန်လျင် | အထက(၁)သန်လျင် |
| | | မင်္ဂလာဒုံ | အထက(၁)မင်္ဂလာဒုံ |
| | | သင်္ဃန်းကျွန်း | အထက၊ သုဝဏ္ဏ |
| | | ကြည့်မြင်တိုင် | အထက(၁)ကြည့်မြင်တိုင် |
| ၁၄ | ရှမ်းပြည်နယ်(တောင်) | တောင်ကြီး | အထက(၃)တောင်ကြီး |
| ၁၅ | ရှမ်းပြည်နယ်(မြောက်) | လားရှိုး | အထက(၈)လားရှိုး |
| ၁၆ | ရှမ်းပြည်နယ်(အရှေ့) | ကျိုင်းတုံ | အထက(၂)ကျိုင်းတုံ |
| ၁၇ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | အထက(၁)ပုသိမ် |
| | | မြောင်းမြ | အထက(၁)မြောင်းမြ |
| | | မအူပင် | အထက(၁)မအူပင် |

၃။ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်မရခဲ့ကြသည့် ဒေသအချို့ရှိ ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ကို ယခုကြေညာချက်ပါ စာစစ်ဌာနများအနက် မိမိဖြေဆိုလိုသည့် စာစစ်ဌာနများသို့ ၁၂-၄-၂၀၂၄ (သောကြာနေ့) နောက်ဆုံးထား၍ သတင်းပေးပို့ စာရင်းသွင်းရမည်ဖြစ်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် မုံရွာမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု လိုက်လံကြည့်ရှုစစ်ဆေး

**မုံရွာ မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများနှင့်အတူ မတ် ၃၀ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ မြို့သစ်ရပ်ကွက်ရှိ အားသစ်လမ်း နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က အရှည်ပေ ၂၅၀၀၊ အကျယ် ၁၈ ပေ၊ ဒု သုံးလက်မခွဲ နိုင်လွန်ကတ္တရာလမ်း ခင်းကျင်းနေမှုနှင့် မုံရွာမြို့အတွင်းရှိရပ်ကွက်လမ်းများ၌ နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မုံရွာမြို့အတွင်းရှိရပ်ကွက်လမ်းများ၌ နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြို့သစ်ရပ်ကွက်ရှိ ထင်းရှူးလမ်း အရှည်ပေ ၂၅၀၀၊ အကျယ် ၁၈ ပေ၊ ဒု သုံးလက်မခွဲ နိုင်လွန်ကတ္တရာလမ်း ခင်းကျင်းပြီးစီးမှုကို တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ပေါ်ရှိ ရပ်ကွက်နေပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်သွားလာနိုင်စေရေး၊ ရပ်ကွက်များအတွင်းရှိ လမ်းများအား သန့်ရှင်းသပ်ရပ်စေရေးနှင့် သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ ခြင်များ ပေါက်ပွားနိုင်သည့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် မုံရွာမြို့ မြို့သစ်ရပ်ကွက် မင်္ဂလာလမ်း လမ်းဘေးဝဲ/ယာတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများအား စားသုံးဆီနှင့် တန်ဖိုးသင့်စားသောက်ကုန်များ၊ ဟင်းသီးဟင်းရွက်များအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်နေပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြသူများနှင့် ရပ်ကွက်နေပြည်သူများအား စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင် ၁၃ ခရိုင်၊ မြို့နယ် ၁၂ မြို့နယ်တို့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ စုစုပေါင်းအင်အား ၁၃၀၀ ကျော်ဖြင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

○ ရှေ့ဖုံးမှ

## နွေစပါးကေ ၆၈၀၀ ခန့်အထိ တိုးတက်စိုက်ပျိုးလာနိုင်

စီမံကိန်းရည်မှန်းချက်အရ မိုးစပါးစိုက်ပျိုးနိုင်ရန်အတွက်သာ ရည်ရွယ်ဆောင်ရွက်ခဲ့သော ကျွန်းပတ်တာအတွင်း ၁၉၉၇ ခုနှစ်မှစတင်၍ ၎င်းကျွန်းပတ်တာနှင့် ဆက်စပ်စီးဆင်းလျက်ရှိသည့် ချောင်းများရှိသည့်အနက် ကျုံကန်ချောင်းပေါ်တွင် အောက္ကဘာရေထိန်းတံခါး (၆'x၁၅'- ၁၀ ပေါက်) ရေထိန်းတံခါးတစ်လုံးနှင့် ကျုံတမာချောင်းပေါ်တွင် စံပုလဲရေထိန်းတံခါး (၈'x၈'-၆ ပေါက်) ရေထိန်းတံခါးတစ်လုံး တည်ဆောက်၍ ရေငန်တားပေးထားပြီး ဂုံညှင်းတန်းမြစ်မှ စီးဝင်လာသည့်ရေချိုသွင်းယူစနစ်ဖြင့် ၂၀၁၀ ပြည့်နှစ်တွင် နွေစပါးကေ ၃၅၀ စတင်စမ်းသပ်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ ထို့နောက် ရေသွင်းပြွန်နှင့် ရေတံခါး ၁၀ လုံးအား နှစ်အလိုက် ထပ်မံတည်ဆောက်ပေးခဲ့ရာ နွေစပါးကေ ၆၈၀၀ ခန့်အထိ တိုးတက်စိုက်ပျိုးလာနိုင်ခဲ့ပြီး လိုအပ်သည့် ရေချိုရရှိမှုအခက်အခဲများကြောင့် နွေစပါး ထပ်မံတိုးချဲ့ စိုက်ပျိုးနိုင်ခြင်းမရှိကြောင်း သိရသည်။

ရေချိုလုံလောက်စွာရရှိပါက နွေစပါးတိုးချဲ့ စိုက်ပျိုးရန် အခြေအနေ အခွင့်အလမ်းကောင်းများ စွာရှိသည့် ၎င်းကျွန်းပတ်တာအတွင်း ဖျာပုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက နွေစပါးစိုက်ပျိုးရေ တိုးတက်ပေးဝေနိုင်ရေးအတွက် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းအခြေအနေ အရပ်ရပ်ကို ယခုနှစ်တွင် စူးစမ်းလေ့လာခဲ့ပြီး နွေစပါးကေ ၂၉၈၀၀ အထိ တိုးတက်စိုက်ပျိုးနိုင်ရေးအတွက် လက်ရှိတွင် ခုနစ်နှစ်စီမံကိန်း ၂၀၂၄-၂၀၃၁ ကို စတင်ရေးဆွဲဆောင်ရွက်နေပြီဖြစ်ပြီး အဆိုပါ စီမံကိန်းအစီရင်ခံစာအရ တူးဖော်ရန် ကျွန်းတွင်းမြောင်း ၉၀ ရှိသည့်အနက် စီမံကိန်းဖြင့် ၇၄ မြောင်း တူးဖော်ခြင်း၊ ရေတံခါး ခုနစ်လုံး ပြုပြင်ခြင်း၊ စိုက်ကွင်းရေတံခါး တစ်လုံး အပါအဝင် လိုအပ်သောနေရာများတွင် ရေသွင်းတံခါး တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကြက်ဖမွေးဇောင်းကျွန်းပတ်တာအတွင်း နွေစပါးစိုက်ပျိုးရေလုံလောက်စွာ တိုးတက်ပေးဝေနိုင်ရေးစီမံကိန်းအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်မည်ဖြစ်သော်လည်း ဒေသအခြေအနေအရ တောင်သူများ၏ လိုအပ်ချက်နှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ (Quick Win) လမ်းညွှန်ချက်များအရ ယခုနှစ်တွင် ရေချိုသွင်းမြောင်း ကိုးမြောင်း တူးဖော်ခြင်း၊ ရေချိုသွင်းရေတံခါး တစ်လုံးဖြစ်သည့် (မမိုးသူရေတံခါး၊ ၄'x၄'-၃ ပေါက်)အား တည်ဆောက်ပေးနိုင်ခဲ့ခြင်းအပြင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် နွေစပါးစိုက်ပျိုးရာသီအမီ စိုက်ပျိုးမှု အဆင်ပြေစေရေးအတွက် တောင်သူများက စက်သုံးဆီကျခံ၍ ဌာနက စက်ယန္တရား အကူအညီပေးသည့်နည်းလမ်းဖြင့် ရေချိုသွင်းမြောင်း ခုနစ်မြောင်း လတ်တလောရေရရှိရေး တူးဖော်ဆောင်ရွက်ပေးခဲ့သဖြင့် ယမန်နှစ် စိုက်ကေ ၆၀၀၀ ဝန်းကျင်မှ ယခုနှစ် စိုက်ကေ ၁၀၀၀၀ အထိ တိုးတက်စိုက်ပျိုးလာနိုင်ခဲ့ကြောင်း သိရသည်။

"ဖျိုင်းကဇီးကျေးရွာအုပ်စုမှာ မနှစ်က နွေစပါးကေ ၁၈၀၀ ပဲ စိုက်နိုင်ခဲ့တယ်။ ဒီနှစ်တော့ ကေ ၂၀၀၀ ကျော်အထိ တိုးစိုက်လာနိုင်တယ်။ အထွက်ကလည်း မနှစ်က တစ်ကေကို တင်း ၇၀ ကနေ ဒီနှစ်တော့ တစ်ကေကို တင်း ၁၀၀ ပတ်ချာလည်ထွက်တယ်။ အထွက်ကောင်းတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ၅၅ ကေစိုက်တာ အကုန်လုံးကောင်းတယ်။ အခု စတင်ရိတ်သိမ်းနေပါပြီ။ ဒီနှစ် ဆည်မြောင်းက တူးပေးတဲ့မြောင်းတွေရဲ့ အကျိုးကျေးဇူးကြောင့် အခုလို စိုက်ရေးပျိုးရေး အဆင်ပြေတယ်ဆိုတာ ပြောစရာတောင်မလိုပါဘူး။ ဒီပုံစံအတိုင်းဆိုလာမယ့်နှစ် ပိုစိုက်လာကြမှာ သေချာတယ်" ဟု ဖျိုင်းကဇီးကျေးရွာအုပ်စု တောင်သူ ဦးသိန်းနိုင်ဦးက ပြောသည်။



ကြက်ဖမွေးဇောင်းကျွန်းပတ်တာ ဖျိုင်းကဇီးကျေးရွာအုပ်စု ဖျိုင်းကဇီးကျေးရွာ မမိုးသူရေသွင်းတံခါး (၄'x၄'-၃ ပေါက်) အနီးရှိ နွေစပါးစိုက်ခင်းကို တွေ့ရစဉ်။

### ရေငန်တား၍ ရေချိုထိန်းပေးထားနိုင်

ကြက်ဖမွေးဇောင်းကျွန်းပတ်တာအတွင်း ရေငန်တား၍ ရေချိုထိန်းပေးထားနိုင်သဖြင့် စိုက်ကေများ သိသိသာသာ တိုးတက်လာခြင်းအပြင် ရေချိုကို လိုအပ်သောအချိန်တွင် လိုအပ်သည့် ပမာဏအတိုင်း တောင်သူတို့၏ လယ်မြေအတွင်းသို့ အရောက် သွယ်ယူနိုင်ခြင်းကြောင့် သီးနှံအထွက်နှုန်းများလည်း တိုးတက်လာကြောင်း သိရသည်။

"ဒီနှစ်က ကျွန်မတင်မဟုတ်ဘူး။ ကျန်တဲ့သူတွေပါ အဆင်ပြေတာ။ မနှစ်ကနဲ့ ဒီနှစ် ဘာကွာလဲဆိုရင် မနှစ်က စိုက်ပြီးပြီးချင်း ပထမပိုင်း ရေခန်းသွားသေးတဲ့အတွက် အဆင်မပြေဖြစ်သွားတယ်။ ဒီနှစ်ကတော့ ရေကအစအဆုံးရတဲ့အတွက် တစ်ကေကို တင်း ၁၀၀ ဝန်းကျင် ထွက်တာတွေ့ရတယ်။ အရင်နှစ်က တစ်ကေကို တင်း ၈၀ ပဲထွက်တာဆိုတော့ ဒီနှစ်က တော်တော်အထွက်ကောင်းတယ်။ အထွက်လည်းကောင်း၊ ဈေးလည်းကောင်းတော့ စိုက်ရကျိုးနပ်တာပေ့ါ။ ကျွန်မက နွေစပါး ၂၅ ကေ လုပ်တာ။ အခု ၁၄ ကေ သိမ်းပြီးပြီ"ဟု ကြက်ဖမွေးဇောင်းကျေးရွာမှ တောင်သူ ဒေါ်မြင့်မြင့်အေးက ပြောသည်။

### ရေသွင်းတံခါးတွေဆောက်ပေး

ဖျာပုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာတင့်က "ဖျာပုံခရိုင်က ရေငန်ဒေသတစ်ခုပါ။ ရေငန်လိုင်းအောက်ရောက်နေတဲ့ ဧရိယာတွေမှာ ရေချိုရရှိနိုင်မယ့်နည်းလမ်းတွေ ရှာကြံဆောင်ရွက်နေပါတယ်။ ရေငန်ဝင်ရောက်နိုင်တဲ့ မြစ်ပေါက်ဝတွေကို ရေငန်တား ရေတံခါးတွေ ဆောက်ပြီး ပိတ်တယ်။ ရေချိုဝင်လာနိုင်တဲ့ မြစ်ပေါက်ဝတွေကို ဆက်စပ်တူးဖော်ပေးတယ်။ ရေချိုသွင်းရေတံခါးတွေ တည်ဆောက်ပေးတယ်။ နောက်ဆုံး တောင်သူတွေရဲ့ လယ်ကွင်းတွေအရောက် ရေချိုပို့ပေးလိုက်တယ်။ ရေစုပ်စက်နဲ့ လိုသလောက်စုပ်ယူပြီး စိုက်ပျိုးရုံပါပဲ။ ကျွန်တော်တို့က ရေငန်မဝင်ရောက်အောင်တားပေးတယ်။ ရေချိုရအောင် မြောင်းတူးပေးတယ်။ ရေသွင်းတံခါးတွေ ဆောက်ပေးတယ်။ တောင်သူတွေဘက်ကလည်း အခုလို ညီညီညွတ်ညွတ် တက်တက်ကြွကြွ စိုက်ပျိုးကြတာဆိုတော့ ဒီဒေသကတော့ ရှေ့ဆက်အများကြီး အောင်မြင်ဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။ ဒီမှာ ရေချိုရနိုင်သလို ဘိုကလေးမြို့နယ်ထဲက ဒေါင့်ကြီးအထက်ကျွန်း၊ ဖျာပုံမြို့နယ်ထဲက သပြေကန်-သိမ်ကုန်းဧရိယာနဲ့ ဒေးဒရဲဘက်ခြမ်းတွေမှာလည်း ရေချိုရရှိနိုင်မယ့် အလားအလာတွေ အများကြီးရှိပါတယ်" ဟု ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများအပေါ် သုံးသပ်ပြောကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ကြက်ဖမွေးဇောင်းကျွန်းပတ်တာအတွင်း နွေစပါးစိုက်ကေများ တိုးတက်လာနိုင်စေရေးသည်လည်း တစ်ခုအပါအဝင်ဖြစ်ရာ အဆိုပါဧရိယာအတွင်း မူလနွေစပါးကေ ၆၀၀၀ ခန့် စိုက်ပျိုးနိုင်ခဲ့သည်မှ စီမံကိန်းကာလအတွင်း ကေ ၂၉၈၀၀ အထိ တိုးတက်စိုက်ပျိုးလာနိုင်တော့မည်ဖြစ်သကဲ့သို့ ကျန်ရှိသော ရေချိုအလားအလာကောင်း များရှိသည့် ဘိုကလေးနှင့် ဒေးဒရဲရှိ နေရာအများ အပြားတွင်လည်း တစ်နှစ်ထက်တစ်နှစ် စိုက်ကေများ ပိုမိုကျယ်ပြန့်၍ တိုးတက်စိမ်းလန်းလာတော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**သပြေထွန်း**

**"ကြက်ဖမွေးဇောင်းကျွန်းပတ်တာအတွင်း ရေငန်တား၍ ရေချိုထိန်းပေးထားနိုင်သဖြင့် စိုက်ကေများ သိသိသာသာ တိုးတက်လာခြင်းအပြင် ရေချိုကိုလိုအပ်သောအချိန်တွင် လိုအပ်သည့်ပမာဏအတိုင်း တောင်သူတို့၏ လယ်မြေအတွင်းသို့ အရောက်သွယ်ယူနိုင်ခြင်းကြောင့် သီးနှံအထွက်နှုန်းများလည်း တိုးတက်လာ"**

❖ ညောင်ဦးမြို့နယ်မှ

ညောင်ဦးမြို့နယ်မှ ဖီးကြမ်းငှက်ပျောစိုက်တောင်သူများသည် ငှက်ပျောကို တပေါင်းလနှင့် တန်ခူးလတို့တွင် စတင်စိုက်ပျိုးကြကြောင်း၊ လက်ပံခြေပေါ်အုပ်စုကျေးရွာများသည် ငှက်ပျောစိုက်ပျိုးရာတွင် ဖီးကြမ်းငှက်ပျောသာ ရောင်းအားပိုပြီး ဈေးနှုန်းလည်းရရှိခြင်းကြောင့် ဖီးကြမ်းငှက်ပျောတစ်မျိုးတည်းသာစိုက်ပျိုးကြကြောင်း ငှက်ပျောစိုက်တောင်သူ ဦးအေးကိုကပြောသည်။

**ဖီးကြမ်းငှက်ပျောတစ်ဖီးလျှင် ငွေကျပ် ၁၅၀၀ ဖြင့် ရောင်းချရလျက်ရှိ**

ဖီးကြမ်းငှက်ပျောစိုက်ပျိုးရာတွင် တစ်ပင်တစ်ကျင်းစိုက်ပျိုးခြင်း၊ တစ်ကျင်းနှစ်ပင်စိုက်ပျိုးခြင်း၊ ကွက်စိတ်ချစိုက်ပျိုးကြပြီး တစ်ပင်တစ်ကျင်းစိုက်ပျိုးသည့်သူများက ငှက်ပျောသားတက်မထားကြဘဲ အပင်အားလုံးအသီးသီးပြီးလျှင် အသစ်ပြန်စိုက်ကြကြောင်း၊ တစ်ကျင်းနှစ်ပင်စိုက်တောင်သူများမှာမူ ငှက်ပျောသားတက် တစ်ပင်တစ်တက်ထားပြီးစိုက်ပျိုးကြကြောင်း သိရသည်။ ထွက်ရှိလာသည့် ဖီးကြမ်းငှက်ပျောများကို ညောင်ဦး၊ ပခုက္ကူ၊ ကျောက်ပန်းတောင်းမှပွဲစားများက ငှက်ပျောခြံအထိ လာရောက်ဝယ်ယူကြကြောင်းနှင့် လက်ပံခြေပေါ်အုပ်စုအတွင်း ကျေးရွာများ မြေအောက်ရေအသုံးပြု၍ ဖီးကြမ်းငှက်ပျောစိုက်တောင်သူများလာကြပြီး ဖီးကြမ်းငှက်ပျောတစ်ဖီးလျှင် ငွေကျပ် ၁၅၀၀ ဖြင့် ရောင်းချရလျက်ရှိကြောင်း သိရသည်။

**ဒီပါလင်း**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မတ် ၃၁**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီ၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးနေမည်။

မိုး/ဇလ

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

## လုံခြုံရေးတာဝန်များထမ်းဆောင်ခဲ့သော တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

တောင်ကြီး မတ် ၃၁

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မတ် ၃၁ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ပင်လုံရိပ်သာ၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဂုဏ်ပြုချီးမြှင့်ငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၄၄၇ သိန်းနှင့် စားသောက်ဖွယ်ရာများကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ တပ်မမှူးနှင့် တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ ရှမ်းပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲရှိ ရဲတပ်ဖွဲ့ဝင်မိသားစုများအား တွေ့ဆုံ၍ သန့်ရှင်းသော သောက်သုံးရေရရှိစေရန် ရေသန့်စက် တည်ဆောက်ပေးမည့်နေရာအား လှည့်လည်ကြည့်ရှုပြီး တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရား တောင်အတက်၊ အဆင်းလမ်း အဆင့်မြှင့်တိုးချဲ့နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## မိုးညိုမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေ

မိုးညို မတ် ၃၁

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်၌ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူများကောင်းစွာသိရှိပြီး သတင်းအမှန်များသိရှိစေရန်ရည်ရွယ်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းသိဒ္ဓိ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့တို့က ယနေ့နံနက် ၇ နာရီတွင် မိုးညိုမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး စည်ပင်သာယာဈေးနှင့် ဈေးပတ်လည်ရှိလမ်းဆုံများ၊ လက်ဖက်ရည်ဆိုင်များ၊ ကားဂိတ်ရှိခရီးသွားပြည်သူများအား ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)



## ပခုက္ကူမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေ

ပခုက္ကူ မတ် ၃၁

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိပြည်သူများ ရှင်းလင်းတိကျစွာ သိရှိနားလည်နိုင်စေရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ယနေ့နံနက် ၉ နာရီက ပခုက္ကူမြို့ ဧရာဝတီတံတား (ပခုက္ကူ)စစ်ဆေးရေးဂိတ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေကြသည်။



ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စန်းယုမော်နှင့် ဝန်ထမ်းများက ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်၊ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်များနှင့် စစ်မှုထမ်းရမည့် အသက်အရွယ်အပိုင်းအခြား သတ်မှတ်ထားမှုများ၊ စစ်မှုထမ်းဆောင်ရန်အချိန်ကာလ၊ ပြည်သူ့စစ်မှုထမ်းခြင်းမှကင်းလွတ်ခွင့်ပြုသည့် အချက်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်သည့်အကျိုးခံစားခွင့်များ၊ ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ပြစ်မှုပြစ်ဒဏ်များပါရှိသည့် သတင်းစကားလက်ကမ်းစာစောင်များကို ပခုက္ကူမြို့ ဧရာဝတီတံတား (ပခုက္ကူ)စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်လိုင်းများ၊ သုံးဘီးယာဉ်နှင့် မော်တော်ဆိုင်ကယ်များဖြင့် ဖြတ်သန်းသွားလာကြသည့် ခရီးသွားပြည်သူများထံ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**

## ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ မှန်ပြတောင်ဘုရားအတက်လမ်း ပေ ၄၃၀၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

နေပြည်တော် မတ် ၃၁

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၇၂ ဒသမ ၃၈၀ သန်းဖြင့် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ မှန်ပြတောင်ဘုရားအတက်လမ်း ပေ ၄၃၀၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ၅ ပေ Box Culvert သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းများ ယနေ့တွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အကောင်အထည်ဖော် ဆောင်ရွက်**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၄၈၈ ဒသမ ၈၈၂ သန်းဖြင့် ကချင်ပြည်နယ်အတွင်း လမ်း/တံတားလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ သာသနာရေးလုပ်ငန်းနှင့် တန်ဖိုးနည်း ဝန်ထမ်းအိမ်ရာများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ထုတ်ပြန်

(ယမန်နေ့မှအဆက်)

(ဆ) မည်သူမဆို နိုင်ငံပိုင်မြေအား နှစ်ရှည်ငှားရမ်း၍ဖြစ်စေ၊ နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်း၍ ဖြစ်စေ၊ ပုဂ္ဂလိကပိုင်မြေတွင်ဖြစ်စေ၊ မြေပိုင်ရှင်နှင့် အကျိုးတူပူးပေါင်း၍ဖြစ်စေ အခြေခံ အဆောက်အအုံအား တည်ဆောက်ပြုပြင်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဇ) ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် သုံး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဈ) ရွှေထည်လက်ဝတ်ရတနာများ ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း တစ် ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ သို့ရာတွင် ရွှေထည် လက်ဝတ် ရတနာများကို ပြည်တွင်း၌ ဝယ်ယူစဉ် သို့မဟုတ် ပြည်ပမှတင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်း၌ရောင်းချစဉ် သို့မဟုတ် ပြည်ပသို့တင်ပို့စဉ်ပေးဆောင် ရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့်မရှိစေရ။

(ည) အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမပြုဘဲ ပြည်တွင်းသုံးစွဲခြင်း ဖြစ်ပါက မူလကင်းလွတ်ခွင့် ပြုခဲ့သော ကုန်သွယ်လုပ်ငန်းခွန်ကို ပြန်လည်ပေးဆောင်ရမည်။

၁၅။ (က) ပြည်တွင်း ပြည်ပအဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်သွယ်လုပ်ငန်းခွန်ကိစ္စအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ -

(၁) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ထုတ်လုပ်ရောင်းချခြင်း အတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၂) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၃) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၄) အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန် ပေးပို့ထုတ်ယူ လိုသည့် ကုန်စည်များအပေါ် အခွန်အခများ ကင်းလွတ်ခွင့်ပြုနိုင်သည့် အကောက်ခွန် ဦးစီးဌာန၏ အနိမ့်ဆုံးတန်ဖိုးသတ်မှတ်ချက် (De-minimis Value Threshold)။

ရှင်းလင်းချက်။ (၁) နှစ်တစ်နှစ်အတွင်း ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ ဆိုရာတွင် လုပ်ငန်းစတင်သည့်လအပါအဝင် တစ်ဆက်တည်းဖြစ်သည့် နောင်လာမည့် ၁၂ လ အတွင်းရရှိမည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကို ဆိုသည်။

(၂) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မှတ်ပုံတင် ခြင်းနှင့်စပ်လျဉ်း စည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေရှိမည့်သူ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ခွင့်ခံစားလိုသူ မည်သူမဆို မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရမည်။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ် ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းနှင့် ကုန်သွယ်မှု လုပ်ငန်းဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါ နိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှု ရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာအခွန်နှုန်းများအတိုင်း တွက်ချက်၍ ကုန်သွယ် လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ရှစ် ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါး ရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့တင်ပို့ ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပ သို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ် နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့် စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန် အောက် လျော့နည်းနေပါက ပြန်အမ်းငွေတောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန် အလို့ငှာ ပြည်တွင်း၌ ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင် စေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၈။ ဤဥပဒေ၏ အခန်း (၆) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ် လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၇)

## ဝင်ငွေခွန်

၁၉။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထိ ရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန် စည်းကြပ်ခြင်းမပြုရ။ ထိုသို့ စည်းကြပ်ခြင်းမပြုသဖြင့် ကင်းလွတ်ခွင့်ရသည့် လစာဝင်ငွေ ဆိုင်ရာ သက်သေခံအထောက်အထားကို တောင်းခံလာပါက သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးရမည်။

(ခ) သို့ရာတွင် လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် ရရှိသည့် လစာဝင်ငွေ စုစုပေါင်းအပေါ်တွင် ဝင်ငွေခွန်ထမ်းဆောင်ရမည်။

(ဂ) ကိုဗစ်-၁၉ (Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေး မြှင့်တင်ရန်အလို့ငှာ လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်း အထက် ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် အခွန်နှုန်းများကို အောက်ပါအတိုင်းသတ်မှတ်သည် -

| စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| ၂ | ၂,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၁၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၃၀,၀၀၀,၀၀၁ | ၅၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၅၀,၀၀၀,၀၀၁ | ၇၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၆ | ၇၀,၀၀၀,၀၀၁ နှင့် အထက် | | ၂၅ ရာခိုင်နှုန်း |

(ဃ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက် အအုံငှားရမ်းခြင်းနှင့် အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်းငှားရမ်းခ ရငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေ အပေါ် တစ်ဆယ် ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများ နှင့်ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်းမပြုရ။ သို့ရာတွင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့်ဆောင်ရွက်သော လုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော အခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(င) အစုစပ်လုပ်ငန်းများဖြစ်ပါက ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ပုဒ်မခွဲ (ဂ) ဇယားပါ အခွန်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

(စ) ဤပုဒ်မပါ အခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ် နှင့်စပ်လျဉ်း၍ သီးခြားအခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေ ဖြစ်ရမည်။ သို့ရာတွင် နှစ်တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုစေရ။

၂၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ သက်သာခွင့် ခွင့်ပြုငွေမှာ အောက်ပါ အတိုင်းဖြစ်သည် -

(က) အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၂၂။ (က) ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ ဝင်ငွေခွန် ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (က) ပါ ဝင်ငွေခေါင်းစဉ်များအနက် လစာမှအပ ပြည်ပနေနိုင်ငံသား၏ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် ရရှိသည့် နိုင်ငံခြားငွေအမျိုးအစား ဖြင့် တစ်ဆယ် ရာခိုင်နှုန်း ဝင်ငွေခွန်စည်းကြပ်ရမည်။

(ခ) ဝင်ငွေခွန်နည်းဥပဒေများတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ပြည်ပနေနိုင်ငံသား၏ နိုင်ငံခြား ငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းလစာဝင်ငွေအပေါ် အောက်ပါနည်းလမ်း ၂ ရပ်အနက် နည်းရာကျသင့်အခွန်ကိုရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်-

(၁) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ဤဥပဒေ၏ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းထားဖြင့် ဝင်ငွေခွန် စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက် နှင့်အညီ တွက်ချက်၍ စည်းကြပ်ခြင်း၊

စာမျက်နှာ ၉ သို့ ❍

❍ စာမျက်နှာ ၈ မှ

(၂) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ နှစ် ရာခိုင်နှုန်းဖြင့် တွက်ချက်၍ စည်းကြပ်ခြင်း၊

(ဂ) ဤပုဒ်မအရ တွက်ချက်ရရှိသည့် အခွန်မှတွက်ချက်သည့် ဝင်ငွေအမျိုးအစားအလိုက် ပြည်ပတွင် ပေးဆောင်ခဲ့ရသည့် အခွန်ကို ခုနှိမ်ပေးရမည်။

၂၃။ ကိုဗစ်-၁၉ ( Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေး လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ -

(က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၂ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီ အက်ဥပဒေ အရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီ၊

(၂) ပြည်ပနေနိုင်ငံခြားသား၏ လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ၊

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်း၊

(၄) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင် အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ၂၂ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(ဂ) ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၁၇ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ ထို့ပြင် ရန်ကုန်စတော့အိပ်ချိန်းသို့ အသစ်ဝင်ရောက်သည့် ကုမ္ပဏီများသည် ယခင်ကဝင်ငွေခွန်အပြည့်အဝ ထမ်းဆောင်ရန် ပျက်ကွက်မှုရှိပါက ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင်သည့် ဘဏ္ဍာရေးနှစ်မတိုင်မီ ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ် (၂) နှစ်အတွက် ဝင်ငွေအမှန်ကို ဖော်ထုတ်၍ ကျသင့်ဝင်ငွေခွန် ပေးဆောင်ရမည်ဖြစ်ပြီး ယင်းကျသင့်ဝင်ငွေခွန်ကို အပြည့်အဝပေးသွင်းပြီးဖြစ်ပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊ တရားစွဲဆိုခြင်းတို့မှ ကင်းလွတ်ခွင့်ရှိစေရမည်။

၂၄။ (က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင် လုပ်ကိုင်သည့် ပုဂ္ဂိုလ်စုဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

(ခ) ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုရ။ ယင်း၏စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ်မှဝင်ငွေဖြစ်ပါက ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၅။ (က) ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် ကိုဗစ်-၁၉ (Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့် ဝင်ငွေမှဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ်တွင် လည်းကောင်း၊ ဝင်ငွေရလမ်း တင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့်ဝင်ငွေအပေါ်တွင် လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်း အတိအကျတင်ပြနိုင်ပါက ဝင်ငွေခွန် ထမ်းဆောင်ရန်မလို။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့် ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့် ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ -

| စဉ် | ဝင်ငွေ(ကျပ်) | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| ၁ | ၁ | ၃၀၀,၀၀၀,၀၀၀ | ၃ ရာခိုင်နှုန်း |
| ၂ | ၃၀၀,၀၀၀,၀၀၁ | ၆၀၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၆၀၀,၀၀၀,၀၀၁ | ၁,၀၀၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁,၀၀၀,၀၀၀,၀၀၁ | ၃,၀၀၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၃,၀၀၀,၀၀၀,၀၀၁ နှင့်အထက် | | ၃၀ ရာခိုင်နှုန်း |

(ခ) ပုဒ်မခွဲ (က) ပါ စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေဆိုသည်မှာ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီ စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေကိုဆိုသည်။

(ဂ) ပုဒ်မခွဲ (က) ပါ အခွန်နှုန်းများကို နိုင်ငံတော်၏စီးပွားရေးအခြေအနေနှင့် နိုင်ငံတကာ သက်ရောက်မှုအခြေအနေများကို သုံးသပ်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြင်ဆင်သတ်မှတ်မှုများကို ဆောင်ရွက်ရန်လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြရမည်။

၂၆။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ -

(က) မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင် လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင်မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်းရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

| မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|
| (၁) ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀) အထိ | ၄၀ ရာခိုင်နှုန်း |
| (၂) ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀) အထက်မှ (၁၅၀,၀၀၀) အထိ | ၄၅ ရာခိုင်နှုန်း |
| (၃) ညီမျှကျပ်သန်းပေါင်း (၁၅၀,၀၀၀) အထက် | ၅၀ ရာခိုင်နှုန်း |

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင် လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့်ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ် ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ ကျသင့်အခွန်ကို ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှမြတ်စွန်းငွေပေါ်ပေါက်စေကာမူ ဝင်ငွေခွန် မကျသင့်စေရ။

၂၉။ ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ပြည်တွင်းထုတ်လုပ်မှုကို အခြေခံသည့် အသစ် ထူထောင်သော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများ သို့မဟုတ် အသေးစားစက်မှုလက်မှုလုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၁၅၀ ထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါဝင်ငွေထက် ပိုမိုရရှိပါက ပိုမိုရရှိသည့် ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၀။ အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၁။ (က) အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည် -

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့်စုစုပေါင်းဝင်ငွေ၊

(၂) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊

(၃) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူ ရရှိသည့် ချီးမြှင့်ငွေများ၊

(၄) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ၊

(၅) အငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်၊ ပင်စင်မှပြောင်းလဲ၍ ရရှိသော ငွေနှင့် လုပ်သက်ဆုငွေ (Gratuity)၊

(၆) ရှေးဟောင်းပစ္စည်းတွေ့ရှိမှုအပေါ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေ။

(ခ) အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များပြုနိုင်သည်-

(၁) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) ငွေချေးသက်သေခံလက်မှတ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန် ကိစ္စရပ်များ။

၃၂။ ဤဥပဒေ၏ အခန်း (၇) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန် ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

## အခန်း (၈)

## ရတနာခွန်

၃၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၈ အရ အောက်ဇယားပါ ကျောက်မျက်ရတနာများကို ရောင်းချခြင်းဖြစ်ပါက အမှန်တကယ်ရောင်းချသည့် တန်ဖိုးအပေါ်တွင်လည်းကောင်း၊ အမှန်တကယ် ရောင်းချသည့် တန်ဖိုးအပေါ်အခြေပြု၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းကသတ်မှတ်သည့် ရောင်းဈေးတန်ဖိုးအပေါ်တွင်လည်းကောင်း၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးအပေါ်တွင် လည်းကောင်း ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း ရတနာခွန် ကျသင့်စေရမည်။ ကောက်ခံရရှိသည့် ရတနာခွန်နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ သက်ဆိုင်ရာဘဏ်စာရင်းသို့ လွှဲပြောင်း ပေးသွင်းရမည် -

| စဉ် | ကျောက်မျက်ရတနာအမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | ကျောက်စိမ်းအရိုင်းများ။ | ၁၁ ရာခိုင်နှုန်း |
| ၂ | ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက် ရတနာ အရိုင်းများ။ | ၉ ရာခိုင်နှုန်း |
| ၃ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ များ စွဲကပ်ထားသည့် လက်ဝတ်ရတနာအချောထည်များ။ | ၅ ရာခိုင်နှုန်း |
| ၄ | ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းများ။ | ၅ ရာခိုင်နှုန်း |

စာမျက်နှာ ၁၀ သို့ ❍

❍ စာမျက်နှာ ၉ မှ

**အခန်း (၉)**

**အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့်နှုန်းထားများ**

၃၄။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါအခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့်နှုန်းထားများ၊ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည် –

(က) ယစ်မျိုးခွန်၊
(ခ) သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊
(ဂ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊
(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊
(င) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊
(စ) ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊
(ဆ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းမှ ရရှိသည့် အခကြေးငွေများ၊
(ဇ) ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ကြေးရငွေ၊
(ဈ) မူပိုင်ခွင့်မှတ်ပုံတင်ကြေးရငွေများ၊
(ည) အကောက်ခွန်၊
(ဋ) မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊
(ဌ) ရေခွန်၊
(ဍ) တာတမံခွန်၊
(ဎ) သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်သစ်တောခွန်၊
(ဏ) ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊
(တ) ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊
(ထ) ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊
(ဒ) ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊
(ဓ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊
(န) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊
(ပ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့်အခွန်။

**အခန်း (၁၀)**

**အထွေထွေ**

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့်ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့်ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကမှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကိုဆောင်ရွက်ပေးရမည် –

(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့်ပမာဏ၊ အကောက်ခွန်နှုန်းများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် ဒေသတွင်းကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်းနိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန် ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့် အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ရတနာခွန် ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်းကို ဆောင်ရွက်နိုင်သည်။

၃၈။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာသက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်းနှင့် ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးရမည်။

(ခ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မခွဲ (က) ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

(ဂ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ) ပါ အသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၉။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များရရှိပိုင်ဆိုင်ထားခြင်းအတွက် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသူအားလည်းကောင်း ဆုကြေးအဖြစ်ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူမည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းမပြုရ –

(က) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူနှင့် သတ်မှတ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်သည့် အထူးကုန်စည်ထုတ်လုပ်သူတို့အပေါ် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (စ) အရ တပ်ရိုက်သည့်ဒဏ်ကြေးငွေများ၊

(ခ) ကျန်အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူအပေါ် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၄၀။ (က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (စ) တွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန်ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအား ထုတ်ပေးသော်လည်း ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့်အခွန်၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်စေရမည့်အပြင် ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည် –

(၁) ပထမအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ် ၁၀ သိန်း၊
(၂) ဒုတိယအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ် ၂၀ သိန်း၊
(၃) တတိယအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ် ၃၀ သိန်း၊
(၄) တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် ကျပ်သိန်း ၆၀။

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိဘဲရောင်းချကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော ကုန်စည်ကို လက်ရှိပိုင်ဆိုင်ထားခြင်းအတွက် လက်ဝယ်ထားရှိသူက ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

၄၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါကောက်ခံရဒဏ်ကြေးငွေများနှင့် စပ်လျဉ်း၍ ဆုကြေးငွေချီးမြှင့်ခြင်းကို အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်နိုင်သည် –

(က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအား ထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးနှင့်ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် ဤဥပဒေ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (က) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ၊

(ခ) အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသော ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်အတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချခြင်းအတွက် ဤဥပဒေ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (ခ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၄၂။ ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် သက်ဆိုင်ရာဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ အကူးအပြောင်းကာလအတွင်း အခွန်ကောက်ခံမှုဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သောလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၃။ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့်စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်၊ လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်၊ အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက် စသည်တို့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

စာမျက်နှာ ၁၁ သို့ ❍

**❖ မြန်မာ့လက်ရွေးစင်မှ**

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ပထမခြေစမ်းပွဲတွင် အရေးနိမ့်ထားသော်လည်း ဒုတိယပွဲတွင် နိုင်ပွဲပြန်လည်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲထက် ကစားပုံပိုကောင်းခဲ့သလို ဦးဆောင်ဂိုးများလည်း သွင်းယူကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် အောင်ဇင်ဦးနှင့် မျိုးမြင့်စိုးတို့က ဂိုးများစတင်သွင်းယူသော်လည်း အာဖဂန်နစ္စတန်အသင်းက ချေပဂိုးပြန်သွင်းသဖြင့် နှစ်ဂိုးစီသရေကျခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို မျိုးသက်အောင် တစ်ဦးတည်းက နှစ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်းသည် ခြေစမ်းပွဲနှစ်ပွဲကစားရာ ပထမပွဲတွင် အာဖဂန်နစ္စတန်အသင်းက ခြောက်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး ဒုတိယပွဲတွင် မြန်မာအသင်းက လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

သတင်း–ကိုညီလေး
ဓာတ်ပုံ–MFF

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

❍ စာမျက်နှာ ၁၀ မှ

ဇယား (၁)

## ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရ၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၂၄ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူ ပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၄,၇၂၀,၈၃၆.၉၂၃** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၁,၅၃၂.၈၆၅ |
| | ၂ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၂,၇၉၆,၄၂၃.၉၉၄ |
| | ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၇,၅၀၀.၀၀၀ |
| | ၄ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၁၉,၁၇၄.၄၅၈ |
| | ၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ၁၃၉,၆၅၂.၈၃၈ |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊ | ၁၅၃,၂၈၈.၆၀၅ |
| | ၇ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၄၅၄.၁၈၈ |
| | ၈ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၁,၅၃၉,၇၈၈.၄၄၀ |
| | ၉ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ရတနာခွန်၊ | ၅၃,၉၇၀.၅၃၅ |
| | ၁၀ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းမှရရှိသည့် အခကြေးငွေများ၊ | ၈,၅၀၀.၀၀၀ |
| | ၁၁ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ကြေးရငွေ၊ | ၄၅၀.၀၀၀ |
| | ၁၂ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | မူပိုင်ခွင့်မှတ်ပုံတင်ကြေးရငွေများ | ၁၀၀.၀၀၀ |
| ၂ | | | **ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၃,၄၃၇,၃၅၃.၉၆၈** |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၃,၄၃၇,၃၅၃.၉၆၈ |
| ၃ | | | **အကောက်ခွန်** | **၄၆၀,၀၀၀.၀၀၀** |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်၊ | ၄၆၀,၀၀၀.၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲမှုအပေါ်ကောက်ခံသည့်အခွန်အကောက်** | **၇၆၀,၂၁၃.၃၇၇** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊ | ၄၈.၈၃၃ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၁၃၆.၀၇၆ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀.၃၃၆ |
| | ၄ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၃,၈၅၀.၀၀၀ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊ | ၅၇.၃၀၀ |
| | ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊ | ၅,၀၀၃.၃၀၀ |
| | ၇ | စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၅၄၉,၄၇၃.၆၇၀ |
| | ၈ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊ | ၃၂,၂၅၀.၀၀၀ |
| | ၉ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊ | ၁၅၅,၃၄၇.၁၆၂ |
| | ၁၀ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊ | ၁၂,၂၀၀.၀၀၀ |
| | ၁၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့်အခွန်။ | ၁,၈၄၆.၇၀၀ |
| စုစုပေါင်း | | | | ၉,၃၇၈, ၄၀၄.၂၆၈ |




## ဒက္ခိဏသီရိမြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မတ် ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ပြည်သူများအား မတ် ၂၈ ရက်က ဒက္ခိဏသီရိမြို့နယ် ရွှေသဲဖြူဘုန်းတော်ကြီးကျောင်း၌ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

**ဆောင်ရွက်**

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို လုပ်ငန်းကြီး (၇)ရပ်ဖြင့် ဆောင်ရွက်ပေးခဲ့ရာ အရည်အသွေးပြည့်ဝသော ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုလုပ်ငန်းများ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ အာဟာရစောင့်ရှောက်မှုလုပ်ငန်းများ၊ မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ၊ ကူးစက်ရောဂါများ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများ၊ မကူးစက်ရောဂါများ ကာကွယ်ကုသရေးလုပ်ငန်းများ၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများကို ဦးတည်အုပ်စုများအလိုက် ဆောင်ရွက်ပေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံသူ ၂၈ ဦး၊ ပုံမှန်ကာကွယ်ဆေးထိုးနှံသူ ၈၅ ဦး၊ အာဟာရစောင့်ရှောက်မှုပေးသူ ၃၆ ဦး၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးသူ ခြောက်ဦး၊ မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုပေးသူ ရှစ်ဦး၊ အထွေထွေရောဂါ(သွေးတိုး၊ ဆီးချို)ရောဂါစစ်ဆေးသူ ၄၉ ဦး၊ ငှက်ဖျားရောဂါပိုးစစ်ဆေးသူ ၁၅ ဦး၊ တီဘီရောဂါပိုးစစ်ဆေးသူ ငါးဦး စုစုပေါင်း ၂၃၂ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပြီး အိမ်ထောင်စု ၁၀၀ အား ဆေးစိမ်ခြင်ထောင်အလုံး ၁၀၀ ကို ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

## ရွှေပြည်သာမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၂၁)ရပ်ကွက် လိန်ကုန်းကျေးရွာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ကျင်းပသည့် နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

နွေစပါးစံကွက်ရိတ်သိမ်းခြင်းကို အမှတ်(၂၁)ရပ်ကွက် လိန်ကုန်းကျေးရွာ တောင်သူဦးသန်းလွင်၏ စိုက်ကွက် ၁၀ ဧကတွင် GW-11 စပါးအမျိုးအစားအား ရိတ်သိမ်းခဲ့သည်။

နွေစပါးစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး သိန်းလှိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးညွန့်၊ မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်နွယ်နီအေး၊ မြေစာရင်းဦးစီးဌာနမှ ဦးစီးအရာရှိဦးကျော်ဝင်း၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ခဲ့သည်။

အဆိုပါ နွေစပါးစံကွက်ရိတ်သိမ်းပွဲတွင် GW-11 စပါးအမျိုးအစားအား Drumseeder ဖြင့်စိုက်ပျိုးခဲ့ပြီး တစ်ဧကလျှင် အစိုထွက်နှုန်း ၁၂၅ တင်း၊ အခြောက်ထွက်နှုန်း တစ်ဧကလျှင် ၁၂၂ တင်း ထွက်ရှိကြောင်း သိရသည်။ **မြင့်ဦး**



# နွေရာသီရေရှားပါးမှုများ ဖြစ်ပေါ်လာပါက ဆက်သွယ်သတင်းပေးပို့နိုင်ပါရန် အသိပေးခြင်း

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နှစ်စဉ်နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုဖြစ်နိုင်ခြေရှိသော ကျေးရွာများအား ကြိုတင်စာရင်းကောက်ယူခြင်း၊ ကျေးရွာများနှင့် တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်နိုင်ရန်နှင့် သောက်သုံးရေ အလျင်အမြန် ပံ့ပိုးဖြည့်ဆည်းပေးရန်အတွက် အစီအစဉ်များ ကြိုတင်ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ နွေရာသီရေပြတ်လပ်မှုများဖြစ်ပေါ်လာပါက ချက်ချင်းတုံ့ပြန် ဆောင်ရွက်နိုင်ရန်နှင့် အချက်အလက်များ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးအတွက် www.water-donation.com Website အား ထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

သောက်သုံးရေပြတ်လပ်မှုများအား ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှတစ်ဆင့် သက်ဆိုင်ရာကျေးရွာအသီးသီးသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအား ဖြန့်ဝေထားပြီးဖြစ်သည့်အတွက် သောက်သုံးရေရှားပါးမှု ဖြစ်ပေါ်ပါက ဖုန်း၊ Facebook၊ Viber၊ Messenger စသည့် ဆက်သွယ်ရေးနည်းလမ်းမျိုးစုံဖြင့် ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်း အသိပေးထားပြီးဖြစ်ပါသည်။

ထို့အပြင် www.water-donation.com Website သို့ ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ မိုဘိုင်းဖုန်းများ၌ အသုံးပြုနိုင်သော Water-Donation Mobile Application ဖြင့်လည်းကောင်း ဆက်သွယ်သတင်းပေးပို့နိုင်ပါသည်။ အဆိုပါ Water-Donation Mobile Application အား ဖော်ပြပါ Website တွင် အလွယ်တကူ ရယူအသုံးပြုနိုင်ပါကြောင်းနှင့် ကျေးရွာများ၌ ရေရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လာပါက



ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်)သို့ ဆက်သွယ်သတင်းပေးပို့နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## လွိုင်လင်မြို့နယ် မီးသတ်ဦးစီးဌာနမှ ရေရှားပါးသည့်ရပ်ကွက်များသို့ ရေလှူဒါန်း

လွိုင်လင် မတ် ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် မီးသတ်ဦးစီးဌာနက ရေရှားပါးသည့် လွိုင်လင်မြို့ အမှတ်(၄) ရပ်ကွက် မွေတော်ရွာနေပြည်သူများ ရေသုံးစွဲမှု အခက်အခဲမရှိစေရေးအတွက် ယနေ့ မွန်းလွဲ ၃ နာရီတွင် လှူဒါန်းခဲ့သည်။

ထိုသို့ရေလှူဒါန်းရာတွင် လွိုင်လင်မြို့နယ် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲအောင်အောင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းမင်းဌေးနှင့်တပ်ဖွဲ့ဝင်များက အိမ်တိုင်ရာရောက် ရေပေးဝေခြင်းများ ဆောင်ရွက်ပေးကြသည်။

အဆိုပါ လွိုင်လင်မြို့နယ် အမှတ်(၄)ရပ်ကွက် မွေတော်ရွာ၌ အိမ်ခြေ ၁၅၀၊ လူဦးရေ ၅၀၀ ခန့်နေထိုင်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





## မအူပင်မြို့ ဇေယျတုပညာဒါနသင်တန်းကျောင်း၏ နှစ်ပတ်လည်အခမ်းအနား ကျင်းပ

မအူပင် မတ် ၃၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ်(၆) ရပ်ကွက် ခိုင်သော်တာလမ်း အမှတ်(၅၁) ၌ ဖွင့်လှစ်တည်ထောင်ထားသော ဇေယျတုပညာဒါနသင်တန်းကျောင်း၏ ၂၀၂၃-၂၀၂၄ ခုနှစ် ပညာသင်နှစ် နှစ်ပတ်လည်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မအူပင်မြို့ ရေလဲလမ်း လောကနတ် ပြုံးရောင်ချယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ထေရဝါဒဓမ္မစင်တာနှင့် ဇေယျတုပညာဒါနသင်တန်းကျောင်းဥက္ကဋ္ဌ ဒေါက်တာထက်ခေါင်က အဖွင့်အမှာစကားပြောကြားရာတွင် ဇေယျတုပညာဒါန သင်တန်းကျောင်းအား ၂၀၂၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ယခုပညာသင်နှစ်တွင် ထူးချွန်ဆုချီးမြှင့်ပွဲ ပြုလုပ်ကြောင်း၊ အင်္ဂလိပ်နှင့် ဂျပန်ဘာသာစကားတွင် ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများ ပေါ်ထွန်းလာစေရန်၊ ပညာရေးနယ်ပယ်တွင် နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သော လူငယ်လူရွယ်များ ထွက်ပေါ်လာစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံ ရင့်ကျက်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျောင်းသားကျောင်းသူများက အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုနှင့် ပွဲတော်များအကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းတင်ဆက်ခြင်း၊ နွေဦးကဗျာသီချင်း၊ မြန္မာသီချင်း စသည့်သီချင်းများဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး တာဝန်ရှိသူများက နှစ်ပတ်လည်ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

## ချောင်းဆုံမြို့နယ်ရှိ ကျေးရွာနေပြည်သူများအတွက် သောက်သုံးရေများ လှူဒါန်း



ချောင်းဆုံ မတ် ၃၁

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ကျေးရွာ/ရပ်ကွက်များရှိ ပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ချောင်းဆုံမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ပင်လယ်ကမ်းစပ်နှင့်နီးသည့်ကျေးရွာများနှင့် နွေရာသီတွင် ရေရှားပါးသည့်ကျေးရွာများရှိ ရေလှောင်ကန်နှင့် နေအိမ်များသို့ သောက်သုံးရေများ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့တွင် ချောင်းဆုံမြို့နယ် ဒေါင်းရပ်အနောက်ကျေးရွာသို့ သွားရောက်ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ သောက်သုံးရေများ အခမဲ့ဖြန့်ဝေပေးခြင်းကို မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးတင်လင်းဦး ဦးဆောင်ပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၁၆၀၀ အား ဒေါင်းရပ်အနောက်ကျေးရွာရှိ ရေလှောင်ကန်နှင့်နေအိမ်များသို့ အိမ်တိုင်ရာရောက် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် ရေရှားပါးသည့် အခြားကျေးရွာ/ရပ်ကွက်များသို့ ဆက်လက်အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရေချွေတာရေး နည်းလမ်းများ

- သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်းဖွင့်မထားပါနှင့်။
- သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ရေဖြည့်ထားသောပုံးဖြင့်ယာဉ်များကိုဆေးကြောပါ။

## ကျိုင်းတုံမြို့နယ်ရှိ ကျေးရွာ လေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုစစ်ဆေး

ကျိုင်းတုံ မတ် ၃၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွယ်မွေကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ လေးရွာ၌ ကျေးလက်ရေရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေနှင့် တာဝန်ရှိသူများသည် ဟိုကျင်း(ထက်)ကျေးရွာ၌ ဂါလန် ၁၀၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းနှင့် အဆိုပါရေစုကန်မှ ဟိုကျင်း(ထက်)ကျေးရွာ၊ ဟိုကျင်း(အောက်)ကျေးရွာ၊ ဟိုကျင်း(လယ်)ကျေးရွာနှင့် ဟိုကျင်း(ရွာသစ်)ကျေးရွာများသို့ အရှည် ၃ မိုင် ၅ ဖာလုံရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာများရှိ ရပ်မိရပ်ဖများ၊ ကျေးရွာ ရေပေးဝေရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါ ကျေးရွာလေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းဖြစ်သည့် ရေစုကန် တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် သိန်း ၅၂၀ ကို အသုံးပြုကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၂၂

# အမေရိကန်အစိုးရက အစ္စရေးသို့ တိုက်လေယာဉ်နှင့် ဗုံးများ လွှဲပြောင်းပေးအပ်ရန် အတည်ပြု

ဂျေရုဆလင် မတ် ၃၁

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေး တပ်ဖွဲ့ဝင်များက စစ်ဆင်ရေးများ ဆက်လက်လုပ်ဆောင်လျက်ရှိစဉ် အမေရိကန်အစိုးရသည် အစ္စရေးသို့ တိုက်လေယာဉ်များနှင့် ဗုံးများ လွှဲပြောင်းပေးအပ်ရန် အတည်ပြုခဲ့ကြောင်း အမေရိကန်မီဒီယာများက ယမန်နေ့တွင် သတင်းဖော်ပြသည်။

ပါလက်စတိုင်း နိုင်ငံခြားရေးဝန်ကြီးဌာနက အဆိုပါလုပ်ရပ်ကို ပြင်းထန်စွာ ဝေဖန်ပြောကြားသည်။




အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ဦးဆောင်သည့် အမေရိကန်အစိုးရသည် ဗုံးများနှင့် တိုက်လေယာဉ်များကို အစ္စရေးသို့ လွှဲပြောင်းပေးအပ်ရန် တိတ်တဆိတ် ခွင့်ပြုခဲ့ကြောင်း ဝါရှင်တန်ပို့စ် သတင်းစာက သတင်းဖော်ပြသည်။

ဒေါ်လာဘီလီယံများစွာ တန်ဖိုးရှိသည့် အဆိုပါလက်နက်ထောက်ပံ့မှုတွင် F-35A ဂျက်တိုက်လေယာဉ် ၂၅ စင်းနှင့် ဗုံး ၂၃၀၀ ကျော် ပါဝင်သည်။

ယင်းလက်နက်လွှဲပြောင်းပေးအပ်ခြင်းကို လွန်ခဲ့သည့်နှစ်ကတည်းက အတည်ပြုထားပြီး ဖြစ်သောကြောင့် အမေရိကန်အစိုးရသည် ကွန်ဂရက်သို့ အသိပေးချက် ထုတ်ပြန်ခဲ့ခြင်းမရှိပေ။

ရာဖာမြို့၌ အစ္စရေးတပ်ဖွဲ့ဝင်များ၏ မြေပြင်ထိုးစစ်ဆင်နွှဲမှုတွင် အရပ်သားသေဆုံးမှုများ ထပ်မံဖြစ်ပွားမည်ကို စိုးရိမ်နေသော်လည်း ဝါရှင်တန်အနေဖြင့် အစ္စရေးအား လက်နက်များ ဆက်လက်ထောက်ပံ့ပေးလျက်ရှိသည်။

အစ္စရေးစစ်တပ်သည် ဂါဇာကမ်းမြောင်အလယ်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် စစ်ဆင်ရေးများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း ပါလက်စတိုင်း သေဆုံးသူ ၈၂ ဦး အပါအဝင် လက်ရှိအချိန်အထိ သေဆုံးသူပေါင်း ၃၂၇၀၅ ဦး ရှိကြောင်း ဂါဇာရှိ ကျန်းမာရေးအာဏာပိုင်များက မတ် ၃၀ ရက်တွင် ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# သီရိလင်္ကာအစိုးရက နိုင်ငံ၏ ပထမဆုံး AI အခြေခံ ရုပ်ရှင်ထုတ်လုပ်ရေးကို ပံ့ပိုးကူညီမည်

ကိုလံဘို မတ် ၃၁

သီရိလင်္ကာနိုင်ငံအစိုးရသည် ဉာဏ်ရည်တု နည်းပညာ(AI) ကိုအခြေခံသည့် သီရိလင်္ကာနိုင်ငံ၏ ပထမဆုံးရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပံ့ပိုးကူညီမှု တိုးမြှင့်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သမ္မတ ဝစ်ကရီမီဆင်း၏ ပြောကြားချက်ကို ကိုးကား၍ သမ္မတ၏ မီဒီယာဌာနခွဲ (PMD) က မတ် ၃၁ ရက်တွင် ပြောကြားခဲ့သည်။

မြို့တော်ကိုလံဘိုတွင် မတ် ၃၀ ရက်ကကျင်းပပြုလုပ်သည့် ရုပ်ရှင်ဆုပေးပွဲအခမ်းအနား၌ မိန့်ခွန်းပြောကြားရာတွင် သမ္မတ ဝစ်ကရီမီဆင်းက AI နည်းပညာသည် ယမန်နှစ်ကတည်းက ရုပ်ရှင်လုပ်ငန်းတွင် ပေါင်းစည်းခဲ့ပြီး သီရိလင်္ကာနိုင်ငံအနေဖြင့် ယင်းနည်းပညာကို အသုံးပြုရန် ပြင်ဆင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သီရိလင်္ကာနိုင်ငံတွင် AI နည်းပညာမိတ်ဆက်ပွဲအတွက် အစိုးရက ကော်မတီတစ်ခုကို ဖွဲ့စည်းထားပြီး ယင်းကော်မတီသည် သီရိလင်္ကာနိုင်ငံရှိ AI နည်းပညာကို အခြေခံသည့် ပထမဆုံးရုပ်ရှင်ကို မိုရာတုဝါတက္ကသိုလ်နှင့် အနုပညာတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။



သမ္မတ ဝစ်ကရီမီဆင်းက ၎င်းတို့သည် သီရိလင်္ကာနိုင်ငံ အမျိုးသား ရုပ်ရှင်ကော်ပိုရေးရှင်းကို ခေတ်မီအောင် ဆောင်ရွက်ပြီး ရုပ်ရှင်နှင့် တယ်လီဒရာမာဇာတ်ကားများတွင် ပါဝင်နေသူများအတွက် နိုင်ငံရပ်ခြားရုပ်ရှင်ပညာပေးရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**




# တရုတ်နိုင်ငံ၌ 5G မိုဘိုင်းဖုန်းအသုံးပြုသူအရေအတွက် ၈၅၁ သန်းရှိလာ

ပေကျင်း မတ် ၃၁

တရုတ်နိုင်ငံ၌ ဖေဖော်ဝါရီလကုန်အထိ 5G မိုဘိုင်းဖုန်းအသုံးပြုသူ အရေအတွက် ၈၅၁ သန်းရှိလာကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

အဆိုပါအရေအတွက်သည် တရုတ်နိုင်ငံ၏ အဓိကဆက်သွယ်ရေးအော်ပရေတာသုံးခုကို အသုံးပြုသည့် စုစုပေါင်းမိုဘိုင်းစာရင်းသွင်းသူအရေအတွက်၏ ၄၈ ဒသမ ၈ ရာခိုင်နှုန်းဖြစ်သည်။

ဖေဖော်ဝါရီလကုန်အထိ တရုတ်နိုင်ငံ၏ မိုဘိုင်းဖုန်းအသုံးပြုသူ စုစုပေါင်း ၁ ဒသမ ၇၅ ဘီလီယံရှိကြောင်း စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက ပြောကြားသည်။

တရုတ်နိုင်ငံ၏ အဓိကဆက်သွယ်ရေး အော်ပရေတာသုံးခုမှာ China Telecom၊ China Mobile နှင့် China Unicom တို့ဖြစ်သည်။

အဆိုပါကုမ္ပဏီသုံးခုကိုအသုံးပြုသည့် ပုံသေမြန်နှုန်းမြင့်အင်တာနက် (ဘရော့ဘန်း) အသုံးပြုသူအရေအတွက်သည် ဖေဖော်ဝါရီလကုန်အထိ ၆၄၃ သန်းရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# တန်ဇန်နီးယားနိုင်ငံတောင်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ၁၆၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်

ဒါအက်စ်ဆာလမ် မတ် ၃၁

တန်ဇန်နီးယားနိုင်ငံ တောင်ပိုင်း လင်ဒီဒေသရှိ နာချင်ဂီယာခရိုင်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူပေါင်း ၁၆၆၀ ထက်မနည်း အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း နာချင်ဂီယာခရိုင်ကော်မရှင်နာ မိုဟာမက်မိုယိုက မတ် ၃၀ ရက်တွင် ပြောကြားသည်။

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများရရှိရန် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ထိခိုက်ခံစားခဲ့ရသူအချို့ကို အစိုးရကျောင်းများတွင် ယာယီထားရှိထားကြောင်း နာချင်ဂီယာခရိုင်ကော်မရှင်နာ မိုဟာမက်မိုယိုက ပြောကြားခဲ့သည်။

အိမ်အများစုသည် ပြုပြင်၍ မရလောက်အောင် ပျက်စီးခဲ့ပြီး လက်ရှိတွင် ခရိုင်အာဏာပိုင်များက မိုးရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် ပမာဏကို အကဲဖြတ်နေကြောင်း နာချင်ဂီယာခရိုင် သတင်းစာရှင်းလင်းပွဲတွင် နာချင်ဂီယာခရိုင်ကော်မရှင်နာ မိုဟာမက်မိုယိုက ပြောကြားခဲ့သည်။

တန်ဇန်နီးယားနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကောက်ပဲသီးနှံများ ပျက်စီးခဲ့ပြီး ထိခိုက်မှုအများဆုံးကျေးရွာမှာ နိုင်ပန်ဂါဒေသရှိ နာဂဂကျေးရွာဖြစ်ကြောင်း မိုဟာမက်မိုယိုက ဆက်လက်ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# ဆီးရီးယားနိုင်ငံ၌ အစ္စရေးတပ်ဖွဲ့ဝင်များ၏ လေကြောင်း တိုက်ခိုက်မှုကြောင့် ၃၆ ဦး သေဆုံး

ဒမတ်စကတ်စ် မတ် ၃၁

ဆီးရီးယားနိုင်ငံ မြောက်ပိုင်း အလက်ပိုပြည်နယ်၌ အစ္စရေးတပ်ဖွဲ့ဝင်များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ၃၆ ဦး သေဆုံးခဲ့ကြောင်း ဆီးရီးယားအစိုးရတာဝန်ရှိသူများက ပြောကြားသည်။

သေဆုံးသူများတွင် အရပ်သားများနှင့် ဆီးရီးယားတပ်မတော်သားများ ပါဝင်ကြောင်း ဆီးရီးယားကာကွယ်ရေး ဝန်ကြီးဌာနက မတ် ၂၉ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

**သေဆုံးသူအများဆုံးဖြစ်**

အဆိုပါ လေကြောင်းတိုက်ခိုက်မှုသည် ဆီးရီးယားနိုင်ငံ၌ အစ္စရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုများအနက် သေဆုံးသူအများဆုံးဖြစ်ကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။

**ပစ်မှတ်ထားတိုက်ခိုက်**

အစ္စရေးတပ်ဖွဲ့ဝင်များ၏ လေကြောင်းတိုက်ခိုက်မှုသည် ဟားမတ်စ်ကို ထောက်ပံ့ရန် ကြိုးပမ်းနေသည့် ရှီးရိုက် စစ်သွေးကြွအဖွဲ့၏ လက်နက်သိုလှောင်ရုံကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း ဖြစ်သည်။

အဆိုပါလေကြောင်းတိုက်ခိုက်မှုတွင် ဟစ်ဇဘိုလာ တိုက်ခိုက်ရေးသမား ငါးဦး သေဆုံးကြောင်းလည်း သတင်းရင်းမြစ်များက ဆိုသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် -အောင်ကျော်ကျော်**

# မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းကျော် သိမ်းဆည်းရမိ

နေပြည်တော် မတ် ၃၁

မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မတ် ၂၃ ရက် ည ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာအနီးတွင် ပိုင်စိုး မောင်းနှင်ပြီး မအိအိမွန် လိုက်ပါလာသည့် ဆိုင်ကယ်ကို သတင်းအရရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပုသိမ်ကြီးမြို့နယ် ကျွဲနဖားကျေးရွာရှိ ပိုင်စိုး၏နေအိမ်နှင့် အမရပူရမြို့နယ် တောတွင်းကျေးရွာရှိ မအိအိမွန်၏ နေအိမ်တို့မှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀ ကိုလည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ မတ် ၂၄ ရက်တွင် မဟာအောင်မြေမြို့နယ်၌ မစိန်(ခ)သက်ထားကို လည်းကောင်း၊ မတ် ၂၆ ရက်တွင် ချမ်းမြသာစည်မြို့နယ် မြို့သစ်ရပ်ကွက်၌ ဝိုင်အောင်မြင့်ကို ဆိုင်ကယ်တစ်စီးနှင့် လည်းကောင်း၊ ကျော်ရဲသူကို ပုသိမ်ကြီးမြို့နယ် ကွေ့ကြီးကုန်းကျေးရွာသွားလမ်း၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀၊ ဆိုင်ကယ်တစ်စီးနှင့်လည်းကောင်း၊ ဂေါ်ယုံဆင်း အား ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက် (၅၄) လမ်း (၁၀၉) (B)နှင့် (၁၁၀) လမ်းကြားရှိ ၎င်း၏ နေအိမ်၌လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်စစ်ဆေးဖော်ထုတ်ခဲ့ရာ မတ် ၂၇ ရက် နံနက် ၁၀ နာရီတွင် ဝိုင်အောင်မြင့်၄ားရမ်းနေထိုင်သည့် ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကြည်ကုန်းရပ်ကွက်ရှိ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၈၆၀၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့ပြီး စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းကျော်နှင့်အတူ ကွင်းဆက်တရားခံများအား ဖမ်းဆီးရမိခဲ့ကြောင်း စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိစိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၃၁

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မတ် ၂၉ ရက်က အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ဖိနပ်မျိုးစုံ အရန် ၁၀၀၀၀ (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၂၉ ရက်တွင် နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ်၌ လိုင်စင်မဲ့ Luojia 110 ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၃၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) - မြစ်ငယ်ဖြတ်လမ်း၌ ဆီသယ်ယာဉ်လေးစီးပေါ်မှ တရားမဝင် စက်သုံးဒီဇယ်ဆီ ၄၀၈၄ ဂါလန်၊ ဓာတ်ဆီ ၅၆၁ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၉၈၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Hino Oil Bowser တစ်စီး၊ Isuzu Fuel Bowser တစ်စီး၊ KIA Fuel Bowser တစ်စီး၊ Hino Tractor Head တစ်စီးနှင့် Tank Trailer ဆီသယ်နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၂၉၈၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီးအကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၃၀ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတား(မော်လမြိုင်) ပူးပေါင်း စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ သထုံမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်နှစ်ကောင် စားအုန်းဆီ ငါးလီတာပါ ဘူး ၈၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၈၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၃၀ ရက်တွင် တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၄ ဒသမ ၃၆၀ တန်၊ သစ်မာ ၁ ဒသမ ၁၀၉ တန်နှင့် အခြားသစ် ၁ ဒသမ ၆၂၉ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၀၇၆၈၆)ကို သစ်တောဥပဒေအရ လည်းကောင်း၊ မတ် ၃၁ ရက်တွင် တောင်ငူမြို့နယ်၌ လိုင်စင်မဲ့ Hino Truck တစ်စီးနှင့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၀၂၄ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၁၅၂၈၈၈ ကျပ်) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၃၂၆၀၅၇၄ ကျပ်ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၂၉ ရက်၊ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေ ၄၀၄၉၄၀၅၇၄ ကျပ်) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီးအတွင်း ဖမ်းဆီးရမိမှု။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၄-၂၀၂၄ တနင်္လာနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | 'မြန်မာ့ရိုးရာသာသနာ့ရှုရှင်ပြပွဲအလှူတော်များ' |
| ၀၉:၁၅ | 'မြန်မာ့စိုက်ပျိုးရေးနှင့် စက်မှုလယ်ယာကဏ္ဍ' |
| ၀၉:၃၀ | ဒါသကြိန်အဆို၊ အကများ |
| ၁၀:၃၀ | Economic Review |
| ၁၁:၃၀ | ဘဝနှင့်အနုပညာ 'သကြန်မိုးနှင့် ပွင့်လန်းခဲ့သောပန်းကလေး' (အပိုင်း-၂) |
| ၁၂:၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့် ကြယ်တာရာစတားလာ' (အပိုင်း-၄၆) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၃၅ | ရုပ်မြင်သံကြားဇာတ်လမ်း |
| ၁၅:၃၀ | ကျန်းမာရေးမဂ္ဂဇင်း (တိုင်းရင်းဆေး) |
| ၁၆:၃၅ | မျိုးဆက်တင့်စေဆိုကရေးတီးအငြိမ့် |
| ၁၇:၀၀ | သတင်းသမားပြောတဲ့သတင်းစကား |
| ၁၇:၂၀ | 'နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ' (၂၀၂၄ခုနှစ်၊ မတ်လ) (အပိုင်း-၁) |
| ၁၈:၃၅ | ဒါသကြိန်အဆို၊ အကများ |
| ၁၉:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားကချစ်လိပ်ပြာ' (အပိုင်း-၂၆) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ဒါသကြိန်အဆို၊ အကများ |
| ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ့' (အပိုင်း-၁၅) |
| ၂၂:၂၀ | မြန်မာဇာတ်လမ်းတွဲ 'ဝိန်းကြာပက်၌တင်သောဂေ' (အပိုင်း-၁၀) |

**mitv**

| | |
|---|---|
| 07:01 | Evergreen Classic: Myat Day Thanar (Pan Ei Phyu) |
| 07:10 | Attractive New Distinations of Bagan |
| 07:33 | Let's Taste Delicious Insects: Silkworm Croquettes, Sago Worm Omalet with Duck Egg |
| 08:01 | News |
| 08:25 | Asia Updates; The Forefront of Sustainability (NHK World) |
| 08:30 | Sayit-Wyne Girls |
| 08:53 | Thingyan Songs & Dances |
| 09:01 | His Life and His Art; Myanmarpyi Thein Tan- The Legendary Musician (Epi- 5) 1970-1989 |
| 09:36 | Discovering Tribes: Taung Yoe (Their Life and Customs) |
| 10:01 | News |
| 10:26 | Topical Topics (No.35) Create happy and smooth trips for travellers |

**MRTV NRC**

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၂)

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
'ဝ' ရိုးရာယဉ်ကျေးမှုပြခန်း

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
မြူးကြွတေးသံ NRC သကြန်(အပိုင်း-၂)

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
လှမ်းခဲ့ပါလေကယန်းပန်ပက်ဒေသဆီ

**ဝကောကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ဝုံးအစပ်ချက်နှင့်သခွတ်ပွင့်သုပ်

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
ပန်းတစ်ပွင့်ရဲ့အနာဂတ်ခရီးလမ်း

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ထိန်းသိမ်းစိုလေဘိုးဘွားအမွေ

**ချင်း (ဖလမ်း) (၁၇:၀၀ မှ ၁၈:၀၀)**
တို့များကောက်သစ်စားပွဲချင်းရိုးရာဗက်ထုပ်

**ချင်း (ခူမီး) (၁၈:၀၀ မှ ၁၉:၀၀)**
ကျန်းမာရေးအတွက် အကျိုးအာနိသင်တွေပေးတဲ့ မန်ကျည်းသီး

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
မွန်ရိုးရာထိမ်းမြားမင်္ဂလာ

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
Arakan Talented Star (တေးသံရှင်-ဒိုးကလေး)

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၀၈:၄၅ | Weekly Selected News |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၁၅ | ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ် |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၂၁:၄၅ | 'နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ' (၂၀၂၄ခုနှစ်၊ မတ်လ) (အပိုင်း-၁) |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ အလဲ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ရုရှားနိုင်ငံ' |
| ၀၉:၃၀ | ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'ကာကွယ်ခုခံပိုင်ခွင့်ရှိသောအပိုင်းအခြား' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'စစ်မှုထမ်းဥပဒေပကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း' |
| ၁၀:၃၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ) |
| ၁၁:၀၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အပိုင်း-၃၄) |

**MRTV FARMERS' / HTV Channel**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၁၅ | စနစ်တကျဖန်တီးတီထွင်မြန်မာ့အထူးတန်း ကော်ဖီလုပ်ငန်းခွင် |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၀၀ | အမြူရောင်ရဲတိုက် (ဇာတ်လမ်း)(အပိုင်း-၁) |
| ၁၉:၃၀ | ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းရဲ့ အောင်မြင်မှု(၇)ချက်အကြောင်း |
| ၂၂:၀၀ | အမြူရောင်ရဲတိုက် (ဇာတ်လမ်း)(အပိုင်း-၂) |
| ၂၃:၃၀ | ပန်းသီးစိုက်ခင်းသို့ အလည်တစ်ခေါက် |

**MRTV SPORTS / HTV Sports**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက် လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၁၆:၃၀ | MNL 2022 Match (Replay) |
| ၁၈:၀၀ | အားကစားသတင်း |
| ၁၉:၄၀ | Weekly Sports Info |

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်လက်ရွေးစင်ဘောလုံးအသင်းအား လေဆိပ်၌ ကြိုဆိုဂုဏ်ပြု

မြစ်ကြီးနား မတ် ၃၁

၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို နေပြည်တော်၌ ကျင်းပရာ ကချင်ပြည်နယ်လက်ရွေးစင်ဘောလုံးအသင်းအနေဖြင့် သွားရောက်ယှဉ်ပြိုင်ခဲ့ကာ ဒုတိယဆုအပြင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆု၊ ဂိုးသမား အကောင်းဆုံးဆုများကို ရရှိခဲ့ပြီး မတ် ၃၀ ရက် ညနေ ၅ နာရီက မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

**ဂုဏ်ပြုကြိုဆို**

ထိုသို့ လက်ရွေးစင်အသင်း ပြန်လည်ရောက်ရှိမှုကို မြစ်ကြီးနားလေဆိပ်၌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်နယ်အတွင်းရှိ အားကစားဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ Fitness Dance အကအဖွဲ့တို့ဖြင့် ဂုဏ်ပြုကြိုဆိုကြသည်။



ထို့နောက် လေဆိပ်ခန်းမဆောင်၌ ပြည်နယ်ဝန်ကြီးချုပ်သည် လက်ရွေးစင်ဘောလုံးအသင်း အုပ်ချုပ်သူ၊ နည်းပြ၊ ကစားသမားများနှင့် တွေ့ဆုံပြီး အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စဉ်ဆက်မပြတ် ပံ့ပိုးကူညီဖြည့်ဆည်းပေးလျက်ရှိသည့်အပြင် ယနေ့ ပြည်နယ်လက်ရွေးစင်ဘောလုံးအသင်းအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံခြေစွမ်းကို ပြသနိုင်ခဲ့သော်လည်း ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့သည်ကို စိတ်ပျက်အားငယ်မှုမရှိဘဲ လာမည့်နှစ်များတွင် ပထမဒိုင်းဆုကို ဆွတ်ခူးနိုင်ရေး ကြိုးစားကြရမည်ဖြစ်ကြောင်း ဂုဏ်ပြုပြောကြားသည်။

ယင်းနောက် လက်ရွေးစင်ဘောလုံးအသင်းတာဝန်ရှိသူများက ဘောလုံးပြိုင်ပွဲ အတွေ့အကြုံများနှင့် ဒုတိယဆုအပြင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆု၊ ဂိုးသမားအကောင်းဆုံးဆုများ ဆွတ်ခူးရရှိခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ရွေးစင်ဘောလုံးအသင်းအတွက် ဂုဏ်ပြုပွဲကျင်းပပြုလုပ်ပေးနိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း တောင်သူများ စိုက်ပျိုးထားသည့် သီးနှံများနှင့် MSME အသင်းက ဆောင်ရွက်ပြသမည့်နေရာအား ကြည့်ရှု

တပ်ကုန်း မတ် ၃၁

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် အောင်ဆန်းခန်းမ၌ သာသနာရေးဦးစီးဌာနက ဦးဆောင်ကျင်းပသည့် အစိုးရဓမ္မာစရိယ စာမေးပွဲတွင် မတ် ၂၉ ရက် မွန်းတည့် ၁၂ နာရီက ပါရာဇိကကဏ္ဍပါဠိ အဋ္ဌကထာကျမ်း(ဒုတိယနေ့)ဖြေဆိုတော်မူလျက်ရှိသည့် စာဖြေဆရာတော်များအား သွားရောက်ကြည်ညိုခဲ့ပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဆွမ်းစရိတ် ဆက်ကပ်လှူဒါန်းသည်။



**ရှင်းလင်းပြောကြား**

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းသည် တပ်ကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ဒေသအတွင်း သီးနှံစိုက်ပျိုးမှု ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး၊ တိရစ္ဆာန်များ နှစ်အလိုက် ပိုမိုမွေးမြူနိုင်မှု အခြေအနေများ၊ ဒေသခံပြည်သူများ စားရေရိက္ခာဖူလုံစေရေး၊ စားသောက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ အခြေခံကုန်ပစ္စည်းများ ထုတ်လုပ်တိုးချဲ့နိုင်ရေး၊ MSME ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ပြီး ပြည်တွင်းသာမက ပြည်ပသို့ တင်ပို့နိုင်ရေး ရှင်းလင်းပြောကြားပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က တင်ပြချက်များအပေါ် ဖြည့်စွက် ဆွေးနွေးမှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ ကျားသေအိုင်ကျေးရွာ ကွင်းအမှတ်(၁၄၀၈)ရှိ ပန်းမုန်လာစိမ်းသီးနှံခင်းနှင့် အခြားသီးနှံ စိုက်ပျိုး၊ ရိတ်သိမ်းနေမှု အခြေအနေများ၊ ဆိုလာရေတင်စနစ်ဆောင်ရွက်နိုင်မည့် ဆက်စပ်ပစ္စည်းများနှင့် လယ်ယာသုံး ဆက်စပ်ပစ္စည်းမျိုးစုံပြသ ရောင်းချပေးနိုင်ရေးနှင့် ဈေးကွက် ချိတ်ဆက်ပေးမည့်နေရာ ပြင်ဆင်ထားရှိမှု အခြေအနေကို ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တင်စိုးလွင်

# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ( AML/CFT ) ဆိုင်ရာ သိကောင်းစရာများနှင့် အိမ်၊ ခြံ၊ မြေ အကျိုးဆောင်များဆိုင်ရာ အသိပညာပေး ဟောပြော

ရန်ကုန် မတ် ၃၁

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့(ဗဟို) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း(MRPDA) (ရန်ကုန်တိုင်း)တို့ပူးပေါင်း၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ(AML/CFT ) ဆိုင်ရာ သိကောင်းစရာများနှင့် အိမ်၊



ခြံ၊ မြေအကျိုးဆောင်များဆိုင်ရာအသိပညာပေးဟောပြောဆွေးနွေးပွဲကို ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star ဟိုတယ်၌ မတ် ၂၉ ရက်နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီအထိ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်လှမြင့်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အသင်းသားရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးတင်ကိုကို၊ မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းနာယက ဦးတင်မောင်နှင့် မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ(၂) ဦးဝဏ္ဏစိုးတို့က တက်ရောက် အမှာစကား ပြောကြားသည်။

အသိပညာပေးဟောပြောဆွေးနွေးပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးများ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက အိမ်ခြံမြေအကျိုးဆောင်များ သိရှိစေရန်အတွက် လိုအပ်သည့် ဥပဒေများကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

ပွင့်သစ္စာ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ် အရေးယူ

နေပြည်တော် မတ် ၃၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိ နားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မတ် ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Khintha zinwin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၇၂)ရပ်ကွက်နေ ခင်သဇင်ဝင်းအား နံနက် ၉ နာရီ ၅၅ မိနစ်တွင် လည်းကောင်း၊ “U Zaw” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာနေ ဇော်ဇော်အား မွန်းလွဲ ၁ နာရီခွဲတွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှု အပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကျွမ်းကျင်မှုများ ပေါင်းစပ်အသုံးချခြင်း

**လျင်မြန်တဲ့ပြောင်းလဲမှုနဲ့ ပြိုင်ဆိုင်မှုပြင်းထန်နေတဲ့ ဒီကနေ့ကမ္ဘာကြီးမှာ အောင်မြင်မှုကို နည်းစနစ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုတွေ၊ ပညာရေးအရည်အချင်း သတ်မှတ်ချက်တွေနဲ့ပဲ ဆုံးဖြတ်ဖို့ မလုံလောက်တော့ပါဘူး။**

**သိန်းထွန်း (IR)**

ကမ္ဘာလုံးဆိုင်ရာ စွမ်းရည်ခေတ်ရေစီးကြောင်းမှာ ဘက်စုံက ကျွမ်းကျင်မှုတွေ လိုအပ်နေပါတယ်။ လုပ်ငန်းပိုင်းဆိုင်ရာ အထူးပြုကျွမ်းကျင်မှုတွေနဲ့ ပညာရေးအရည်အချင်းတွေဟာ လုပ်ငန်းအောင်မြင်ဖို့အတွက် အငြင်းပွားစရာမလိုလောက်အောင် အရေးကြီးပါတယ်။ ဒါပေမဲ့ လူတစ်ဦးချင်းစီတိုင်းကို သူဘယ်လိုလူလဲလို့ ခွဲခြားသိမြင်နိုင်လောက်ပြီး အောင်မြင်မှုတွေဆီကို တွန်းပို့နိုင်တဲ့ အခြားကျွမ်းကျင်မှုတစ်ခုကတော့ အဲဒီတစ်ဦးချင်းစီတိုင်းရဲ့ Soft skills တွေပါပဲ။ အထူးသဖြင့် ဒီကနေ့ အလုပ်ရှင်တွေအနေနဲ့ လုပ်ငန်းအောင်မြင်မှုရဖို့ရာမှာ မတူညီတဲ့ Soft skills တွေအပေါ်မှာ များစွာအားထားလာနေကြပါပြီ။ ယခင်ကလို လုပ်ငန်းကျွမ်းကျင်မှုတစ်ခုတည်းအပေါ် အားထားလို့ မရတော့ပါဘူး။ Hard skill နဲ့ Soft skill နှစ်မျိုးစလုံးကို တောင်းဆိုနေကြပါပြီ။

Hard skills တွေက လက်တွေ့ပိုင်းဆိုင်ရာ စွမ်းရည်တွေနဲ့ ကျွမ်းကျင်မှုတွေကို အဓိကထားပြီး Soft skills တွေက အပြုအမူပိုင်းဆိုင်ရာနဲ့ ကိုယ်ရည်ကိုယ်သွေးတွေအပေါ်မှာ အဓိကထားပါတယ်။ Hard skills မှာ အထူးပြုကျွမ်းကျင်မှုနဲ့ သင်ကြားပေးနိုင်တဲ့အရည်အသွေးတွေ ပါပါတယ်။ အဲဒီ Hard skills တွေကို အရေအတွက်နဲ့ တိုင်းတာဖော်ပြနိုင်ပါတယ်။ Soft skills တွေကတော့ အချင်းချင်းပေါင်းသင်းဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှုတွေပါဝင်ပြီး အရေအတွက်နဲ့တိုင်းတာဖော်ပြဖို့ ခက်ခဲပါတယ်။




Hard skill နဲ့ Soft skill ဟာ မတူညီကြပေမယ့် လုပ်ငန်းခွင်အောင်မြင်ဖို့နဲ့ တစ်ဦးချင်းဘဝအောင်မြင်ဖို့အတွက်ဆိုရင် အဲဒီကျွမ်းကျင်မှုနှစ်မျိုးလုံးကို တစ်ပြေးညီ လိုအပ်ပါတယ်။ ဒါကြောင့် Hard skills နဲ့ Soft skills တွေရဲ့ အရေးပါမှုနဲ့ ကွာခြားမှုတွေကို သိနားလည်ထားမယ်ဆိုရင် လုပ်ငန်းခွင်နဲ့ တစ်ဦးချင်းဘဝဟာ အောင်မြင်မှုတွေအတွက် ထိရောက်စွာအသုံးချနိုင်ပါလိမ့်မယ်။

**Hard Skills များ**

Hard skills တွေဟာ နည်းပညာဆိုင်ရာကျွမ်းကျင်မှုဖြစ်ပြီး သိသာမြင်သာတဲ့ အခြေခံအရည်အသွေး (Tangible Foundations) တွေဖြစ်ပါတယ်။ သိသာထင်ရှားပြီး လုပ်ငန်းခွင်ဆိုင်ရာ အထူးပြုကျွမ်းကျင်မှုတွေ ဖြစ်ပါတယ်။ အများအားဖြင့် Hard skills တွေကို ပုံမှန်ပညာရေး၊ လေ့ကျင့်ရေးပရိုဂရမ်တွေ၊ လုပ်ငန်းခွင်အတွေ့အကြုံတွေကနေ ရရှိနိုင်ပါတယ်။ ဥပမာအားဖြင့် Hard skills တွေထဲမှာဆိုရင် စီမံကိန်းစီမံခန့်ခွဲမှု၊ ဈေးကွက်ရှာဖွေရေး၊ ကွန်ပျူတာကျွမ်းကျင်မှု၊ ဒီဇိုင်းရေးဆွဲမှု၊ တည်းဖြတ်ခြင်း၊ ဘာသာစကားကျွမ်းကျင်မှု၊ စာရင်းကိုင်စတာတွေ ပါဝင်ပါတယ်။ ဒီကျွမ်းကျင်မှုတွေဟာ သီးခြားနယ်ပယ်တစ်ခု ဒါမှမဟုတ် လုပ်ငန်းတစ်ခုအတွက် လူတစ်ယောက်ရဲ့ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုတွေဖြစ်တဲ့အတွက် အဲဒီကျွမ်းကျင်မှုတွေကို အလွယ်တကူ တိုင်းတာသတ်မှတ်နိုင်ပါတယ်။

လျင်မြန်စွာပြောင်းလဲတိုးတက်နေတဲ့ ဒီကနေ့ လုပ်ငန်းခွင်နယ်ပယ်အသီးသီးမှာ Hard skill ရှိတဲ့သူတိုင်းအတွက် လိုအပ်ချက်တွေက ပိုပြီးများပြားနေပါတယ်။ အလုပ်ရှင်တွေအနေနဲ့လည်း လုပ်ငန်းပိုင်းဆိုင်ရာတွေကို ထိထိရောက်ရောက် လုပ်ဆောင်နိုင်ဖို့အတွက် လိုအပ်တဲ့ Hard skill ကျွမ်းကျင်မှုရှိတဲ့သူတွေကို ဦးစားပေးလေ့ရှိကြပါတယ်။ ဒါပေမဲ့လို့ Hard skill တွေဟာ လုပ်ငန်းတစ်ခုအတွက် မရှိမဖြစ် လိုအပ်တာမှန်ပေမယ့် လုပ်ငန်းတွေအောင်မြင်ဖို့၊ ရေရှည်တိုးတက်ဖို့နဲ့ ထိထိရောက်ရောက်ဖြစ်ဖို့ဆိုရင် အဲဒီကျွမ်းကျင်မှုတွေနဲ့ပဲ မလုံလောက်တော့ပါဘူး။

ခေတ်မီကမ္ဘာကြီးဟာ အံ့မခန်းတိုးတက်နေတဲ့အတွက် အရည်အသွေးမြင့် အထူးကျွမ်းကျင်သူဖြစ်လာဖို့အတွက် အသိပညာနဲ့ အတွေ့အကြုံဟာ လိုအပ်ပြီးရင်း လိုအပ်လာနေပါတယ်။ မရှိမဖြစ်လိုအပ်တာက လုပ်ငန်းခွင်အတွင်းက ကျွမ်းကျင်သူတွေဟာ သူတို့ရဲ့ Hard skills တွေကို မြှင့်တင်ရင်း သူတို့ရဲ့အသိပညာတွေကို ပိုမိုနက်ရှိုင်းအောင် ကြိုးစားနေရခြင်းပါပဲ။ ဥပမာအားဖြင့် ပရိုဂရမ်ရေးဆွဲသူတစ်ယောက်ဟာ ပရိုဂရမ်အသစ်တွေ ရေးဆွဲနိုင်ဖို့အတွက် အသစ်တိုးတက်မှုတွေနဲ့အညီ သူ့ရဲ့နည်းပညာဆိုင်ရာ အသိပညာတွေကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးဖို့လို သလိုပါပဲ။

**Soft Skills များ**

Soft skills တွေဟာ လူမှုပေါင်းသင်းဆက်ဆံရေးကျမ်းကျင်မှု ဒါမှမဟုတ် လူသားစွမ်းရည်တွေဖြစ်ပြီး တစ်ဦးချင်းစီရဲ့ ကိုယ်ရည်ကိုယ်သွေးနဲ့ ပရော်ဖက်ရှင်နယ် တိုးတက်ဖို့အတွက် အခြေခံကျောရိုးတွေ ဖြစ်ကြပါတယ်။ အဲဒီအရည်အသွေးတွေဟာ မမြင်နိုင်တဲ့အရည်အသွေးတွေဖြစ်ကြပြီး အခြားသူတွေနဲ့ ဆက်ဆံရာမှာ ဘယ်လို ပြုမူဆောင်ရွက်ရမယ်၊ လူမှုဆက်ဆံရေးနဲ့ ပရော်ဖက်ရှင်နယ် နယ်ပယ်အမျိုးမျိုးမှာ ဘယ်လိုကျင့်ကြံနေထိုင်ရမယ်ဆိုတဲ့ ကိုယ်၊ စိတ်၊ နှလုံး သုံးပါးလုံး အကျုံးဝင်ပါတယ်။ Hard skills တွေနဲ့မတူညီတာက Soft skills တွေဟာ မတူညီတဲ့နယ်ပယ်တွေနဲ့ လုပ်ငန်းတွေမှာ ပြောင်းလဲအသုံးပြုလို့ရတဲ့အတွက် ဘယ်လိုလုပ်ငန်းအခြေအနေမှာပဲဖြစ်ဖြစ် အလွန်တန်ဖိုးရှိအသုံးဝင်တဲ့ အရည်အသွေးတွေ ဖြစ်ပါတယ်။

Soft skills တွေထဲမှာဆိုရင် ပြောဆိုဆက်ဆံမှု၊ အချိန်စီမံခန့်ခွဲမှု၊ ဝေဖန်ပိုင်းခြားစဉ်းစားတတ်မှု၊ စိတ်ခံစားမှုဆိုင်ရာဉာဏ်ရည်၊ တက်ကြွစွာနားထောင်တတ်မှု၊ ကိုယ်ကျင့်သီလ၊ ဆွဲဆောင်စည်းရုံးမှု၊ အားထားယုံကြည်ရမှု၊ ပြဿနာဖြေရှင်းနိုင်မှု၊ တီထွင်ဖန်တီးနိုင်မှု၊ ခေါင်းဆောင်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ စေ့စပ်ညှိနှိုင်းမှု၊ ဂုဏ်သိက္ခာ၊ ခံနိုင်ရည်ရှိမှု၊ လိုက်လျောညီထွေရှိမှု စတဲ့ကျွမ်းကျင်မှုအရည်အသွေးတွေပါဝင်ပါတယ်။ အခြား Soft skills တွေလည်း ရှိပါသေးတယ်။ အဲဒီ Soft skills တွေဟာ လူတစ်ဦးရဲ့ နှလုံးရည်ပြည့်ဝတဲ့ အရည်အသွေးတွေလို့လည်း ဆိုနိုင်ပါတယ်။

လုပ်ငန်းခွင်အတွင်းမှာ အဲဒီလို Soft skills တွေအားနည်းလာရင် ဦးဆောင်မှု၊ ကျင့်ဝတ်လိုက်နာမှု၊ ကိုယ်ချင်းစာစိတ်၊ ပူးပေါင်းလုပ်ဆောင်မှု စတဲ့အရည်အသွေးတွေ ကျဆင်းစေပါတယ်။ ဒါဟာ လုပ်ငန်းတစ်ခု၊ အဖွဲ့အစည်းတစ်ခုရဲ့ လတ်တလောလုပ်ငန်းထိရောက်မှု၊ အောင်မြင်မှုတွေကို ထိခိုက်စေတဲ့အပြင် ရေရှည်ရပ်တည်နိုင်မှုအပေါ်ကိုပါ ထိခိုက်စေပါတယ်။ လူတစ်ဦးချင်းစီအနေနဲ့ကြည့်ရင် Soft skill အားနည်းတဲ့သူတွေဟာ သူတို့ရဲ့ကိုယ်ပိုင်ဘဝတွေမှာ ကိုယ်ရည်ကိုယ်သွေး အားနည်းစေပါတယ်။

အခုဆိုရင် အလိုအလျောက်စနစ် (automation) နဲ့ ဉာဏ်ရည်တု (AI) တွေ တိုးတက်နေတာကြောင့် လုပ်ငန်းခွင်အခြေအနေ အဆက်မပြတ် ပြောင်းလဲနေတဲ့အတွက် Soft skills တွေ ပိုပြီးလိုအပ်လာနေပါတယ်။ World Economic Forum ရဲ့ Future of Jobs Report အရ စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေး၊ တီထွင်ဖန်တီးနိုင်မှုနှင့် ဝေဖန်ပိုင်းခြားတွေးခေါ်မှုတို့လို စွမ်းရည်တွေဟာ ဒစ်ဂျစ်တယ်ခေတ်မှာ ပိုပြီးတန်ဖိုးရှိလာတယ်လို့ ဆိုပါတယ်။

အဲဒီစွမ်းရည်တွေကို လူသားတွေသာ ထူးထူးခြားခြား ပိုင်ဆိုင်ထားကြပြီး အဲဒီစွမ်းရည်တွေကို စက်တွေနဲ့ အလွယ်တကူ ပုံတူကူးလို့ မရနိုင်ပါဘူး။ ဒါကြောင့် နည်းပညာတွေနဲ့ မောင်းနှင်နေတဲ့ ကမ္ဘာကြီးမှာ Soft skills တွေက မရှိမဖြစ်လိုအပ်ပါတယ်။ ဒါကြောင့်လည်း ခေတ်သစ်လုပ်ငန်းခွင်တွေရဲ့ တောင်းဆိုမှုတွေမှာ Soft skills တွေကို အလေးထားဆန်းစစ်ခေါ်ယူလာကြခြင်းပါပဲ။ လုပ်ငန်းခွင်အတွင်း ခိုင်မာတဲ့ဆက်ဆံရေး တည်ဆောက်မှု၊ ထိရောက်တဲ့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနဲ့ လုပ်ငန်းခွင်ဆိုင်ရာ စိန်ခေါ်မှုနဲ့ ရှုပ်ထွေးမှုတွေကို ကိုင်တွယ်ဖြေရှင်းရေးတွေမှာ အဲဒီအရည်အချင်းတွေ မပါမဖြစ်လိုအပ်နေပါပြီ။ ဒါကြောင့်လည်း လုပ်ငန်းခွင်အတွင်းမှာ Hard skills တွေက သင့်ရဲ့နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်မှုတွေကို ဖော်ပြနေပြီး Soft skills တွေကတော့ သင်ဘယ်လိုလူစားမျိုးလဲဆိုတာကို ဖော်ပြနေတယ်လို့ ဆိုကြပါတယ်။

**ကိုယ်ရည်ကိုယ်သွေးတိုးတက်မှုနှင့် Soft skills များ၏ အရေးပါမှု**

နည်းပညာနဲ့ ပညာရေးဆိုင်ရာတိုးတက်မှုတွေ ပိုမိုမြင့်မားလာတဲ့ကမ္ဘာကြီးမှာ အချို့လည်း Soft skills တွေရဲ့အရေးပါမှုကို လျစ်လျူရှုထားကြဆဲပါ။ ဒါဟာ Soft skills တွေရဲ့ တန်ဖိုး၊ အရေးပါမှုနဲ့ အသုံးဝင်မှုကို နားမလည်လို့လည်း ဖြစ်နိုင်ပါတယ်။ Soft skills တွေဟာ လုပ်ငန်းခွင်အတွက်မှ လိုအပ်တာမဟုတ်ပါဘူး။ လူတစ်ဦးချင်းရဲ့ လူမှုပေါင်းသင်းဆက်ဆံရေး၊ စိတ်ခံစားမှုဆိုင်ရာစွမ်းရည် စတဲ့ တစ်ကိုယ်ရေဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ အစိတ်အပိုင်းတွေ ဖြစ်ကြပါတယ်။

တစ်ခါတစ်ရံ တွေ့ဖူးကြပါလိမ့်မယ်။ အချို့သူတွေဟာ သူတို့ရဲ့လုပ်ငန်းနဲ့ပတ်သက်လို့ အထူးကျွမ်းကျင်ကြတယ်၊ ဒါပေမဲ့လည်း Soft skill ပိုင်းမှာ အားနည်းကြတဲ့အတွက် ကိုယ်ပိုင်လုပ်ငန်းမှာတောင် တိုးတက်သင့်သလောက် မတိုးတက်ကြပါဘူး။ လူမှုဆက်ဆံရေးကျွမ်းကျင်မှုဆိုရင် ကိုယ့်ဘဝတိုးတက်မှု၊ လုပ်ငန်းခွင်နဲ့ လူမှုပေါင်းသင်းဆက်ဆံရေးနယ်ပယ်တွေမှာ မရှိမဖြစ် လိုအပ်ပါတယ်။ National Association of Colleges and Employers (NACE) ရဲ့ လေ့လာမှုတစ်ခုအရဆိုရင် အလုပ်ရှင်တွေလိုချင်တဲ့ ထိပ်တန်းအရည်အသွေးတွေထဲမှာ လူမှုဆက်ဆံရေးကျွမ်းကျင်မှုက အမြဲတမ်းဦးစားပေးအဆင့်မှာရှိတယ်လို့ ဆိုပါတယ်။

ထိရောက်တဲ့ လူမှုဆက်ဆံရေးကျွမ်းကျင်မှုမှာ ကိုယ့်ရဲ့အတွေးအမြင်တွေကို ရှင်းရှင်းလင်းလင်း ဖော်ပြနိုင်ရုံသာမကပဲ တက်ကြွစွာ နားထောင်တတ်ခြင်း၊ ကိုယ်ချင်းစာတရားနဲ့ အပြုအမူဆိုင်ရာတွေကို နားလည်နိုင်တာတွေ ပါပါတယ်။ ဒီအရည်အသွေးတွေကို ကျွမ်းကျွမ်းကျင်ကျင် ကျင့်သုံးနိုင်မယ်ဆိုရင် တစ်ဦးနဲ့တစ်ဦး ခိုင်မာတဲ့ဆက်ဆံရေး တည်ဆောက်နိုင်မယ်၊ ပဋိပက္ခတွေကို ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းနိုင်မယ်။ ဒါတွေဟာ လုပ်ငန်းခွင်အတွက်ပဲဖြစ်ဖြစ်၊ ကိုယ့်ရဲ့ ကိုယ်ပိုင်ဘဝ၊ ပရော်ဖက်ရှင်ဘဝအတွက်ပဲဖြစ်ဖြစ် တန်ဖိုးဖြတ်မရတဲ့ အရည်အသွေးတွေပါ။ ဒါ့အပြင် ခေါင်းဆောင်မှုအရည်အသွေး မြှင့်တင်ရာမှာ Soft skills တွေဟာ မရှိမဖြစ် လိုအပ်ပါတယ်။ ကမ္ဘာ့စီးပွားရေးဖိုရမ်ရဲ့ အစီရင်ခံစာအရ ခေါင်းဆောင်နိုင်မှု၊ စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေး (EQ)နဲ့ လူမှုရေးဆိုင်ရာ လွှမ်းမိုးနိုင်မှု အရည်အသွေးဟာ လုပ်ငန်းခွင်တိုးတက်ဖို့အတွက် အထူးလိုအပ်တယ်လို့ဆိုပါတယ်။

**စာမျက်နှာ ၁၇ သို့ ✢**

**“ခေတ်မီကမ္ဘာကြီးဟာ အံ့မခန်းတိုးတက်နေတဲ့အတွက် အရည်အသွေးမြင့် အထူးကျွမ်းကျင်သူဖြစ်လာဖို့အတွက် အသိပညာနဲ့ အတွေ့အကြုံဟာ လိုအပ်ပြီးရင်း လိုအပ်လာနေပါတယ်။ မရှိမဖြစ်လိုအပ်တာက လုပ်ငန်းခွင်အတွင်းက ကျွမ်းကျင်သူတွေဟာ သူတို့ရဲ့ Hard skills တွေကို မြှင့်တင်ရင်း သူတို့ရဲ့အသိပညာတွေကို ပိုမိုနက်ရှိုင်းအောင် ကြိုးစားနေရခြင်းပါပဲ။ ဥပမာအားဖြင့် ပရိုဂရမ် ရေးဆွဲသူတစ်ယောက်ဟာ ပရိုဂရမ်အသစ်တွေ ရေးဆွဲနိုင်ဖို့အတွက် အသစ်တိုးတက်မှုတွေနဲ့အညီ သူ့ရဲ့နည်းပညာဆိုင်ရာ အသိပညာတွေကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးဖို့လို”**

✢ စာမျက်နှာ ၁၆ မှ

ထိရောက်တဲ့ ခေါင်းဆောင်တွေဟာ ရည်မှန်းချက်တွေအောင်မြင်ဖို့ အခြားသူတွေကို လှုံ့ဆော်နိုင်စွမ်း၊ စိတ်ခါတ်တက်ကြွစေမှုနဲ့ လမ်းညွှန်မှုတွေပေးနိုင်တဲ့အပြင် ကိုယ်ချင်းစာတရား၊ လိုက်လျောညီထွေရှိမှု၊ ခံနိုင်ရည်ရှိမှုစတဲ့ အရည်အချင်းတွေကိုလည်း ပိုင်ဆိုင်ကြပါတယ်။ ဒါကြောင့် တိုးတက်အောင်မြင်လိုသူတွေအနေနဲ့ ခေါင်းဆောင်မှုနဲ့ စိတ်ခံစားမှုဉာဏ်ရည်တွေကို ပြုစုပျိုးထောင်ပြီး ကျင့်သုံးနိုင်မယ်ဆိုရင် ကိုယ့်ရဲ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေမှာ ထူးချွန်ထက်မြက်စေရုံသာမကပဲ လူမှုအသိုက်အဝန်းနဲ့ လူ့အဖွဲ့အစည်းအတွင်းမှာ ကြီးမားတဲ့ သြဇာလွှမ်းမိုးမှုရရှိစေပါတယ်။

တစ်ဦးချင်းအနေနဲ့ကြည့်ရင်လည်း Soft skill တွေဟာ လူတစ်ယောက်ရဲ့ နေ့စဉ်ဘဝရဲ့ စိတ်၊ အပြုအမူ၊ အပြောအဆို၊ အတွေးအခေါ်နဲ့ စာနာနားလည်စိတ်တွေနဲ့ ဆက်နွှယ်နေတာမို့လို့ ကိုယ့်ရဲ့စိတ်ပိုင်းဆိုင်ရာ သုခချမ်းသာရရှိဖို့အပြင် ဘဝရဲ့အခက်အခဲ၊ စိတ်ဖိစီးမှု၊ စိန်ခေါ်မှု စတာတွေကို ခံနိုင်ရည်ရှိဖို့ အဲဒီစွမ်းရည်တွေ လိုအပ်ပါတယ်။ ကိုယ်ကြုံတွေ့နေရတဲ့ စိတ်ဖိစီးတာတွေကို စီမံခန့်ခွဲဖို့၊ ခံနိုင်ရည်တည်ဆောက်ဖို့နဲ့ စိတ်ခွန်အားမြှင့်တင်ရာမှာ စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေးရဲ့ အခန်းကဏ္ဍဟာ အရေးပါကြောင်း အမေရိကန်စိတ်ပညာအသင်းကြီးက ဆိုပါတယ်။

စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေးမြင့်မားသူတွေမှာ မိမိကိုယ်ကိုသတိရှိမှု၊ ထိန်းချုပ်မှုနဲ့ ကိုယ်ချင်းစာမှုတွေရှိနေကြပြီး သူတို့ဟာ စိန်ခေါ်မှုတွေနဲ့ ကျရှုံးမှုတွေကို ရင်ဆိုင်နိုင်တဲ့သူတွေဖြစ်ကြပါတယ်။ ဒါကြောင့် စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေးနဲ့ ခံနိုင်ရည်ရှိမှုကို ပြုစုပျိုးထောင်ခြင်းဟာ ကိုယ့်ရဲ့စိတ်ပိုင်းဆိုင်ရာ ချမ်းသာသုခကိုရရှိစေပြီး အပြုသဘောဆောင်တဲ့ လူမှုဆက်ဆံရေးထူထောင်နိုင်တဲ့အတွက် အခက်အခဲတွေကြားမှာ ရှင်သန်ရပ်တည်နိုင်ပါတယ်။

**အရေးပါသည့် Hard Skills နှင့် Soft Skills များ၏ဟန်ချက်ညီမှု**

အမေရိကန်စာရေးဆရာ၊ နိုင်ငံရေးအတိုင်ပင်ခံဖြစ်တဲ့ ပက်ဂီကလေ့စ် က "Hard skills ဆိုတာက အလုပ်အတွက်လိုအပ်တဲ့ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုနဲ့ လက်တွေ့ကျတဲ့ အသိပညာတွေကို ဆိုတာပါ၊ Soft skills တွေကတော့ အဲဒီနည်းပညာဆိုင်ရာကျွမ်းကျင်မှုတွေနဲ့ အသိပညာတွေကို ပိုပြီး ထိရောက်အောင်အသုံးချနိုင်စေတဲ့ အရည်အချင်းပါ"လို့ ဆိုခဲ့ဖူးပါတယ်။ ဒါကိုကြည့်ရင်ကိုယ့်ရဲ့လုပ်ငန်းခွင်နဲ့ ဘဝအောင်မြင်မှုတွေ ဖန်တီးတည်ဆောက်ရာမှာ Hard skill နဲ့ Soft skill နှစ်မျိုးစလုံး ဟန်ချက်ညီ လိုအပ်တဲ့သဘောပါပဲ။

Hard skills တွေက ကိုယ့်ရဲ့သီးခြားလုပ်ငန်းတွေအကောင်အထည်ဖော်ဖို့လိုအပ်သလို Soft skills တွေက လုပ်ငန်းခွင်အတွင်းမှာ လူတစ်ဦးချင်းစီရဲ့ အလုံးစုံ ထိရောက်မှုနဲ့ အောင်မြင်မှုကို အဆုံးအဖြတ်ပေးရာမှာ အရေးပါတဲ့အခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။ ဒါကြောင့်လည်း လုပ်ငန်းရှင်တွေက ဆန်းသစ်တီထွင်မှုတွေမြှင့်တင်ဖို့၊ တီထွင်ဖန်တီးမှုတွေတိုးတက်ဖို့နဲ့ အဖွဲ့အစည်းစိတ်ဓါတ် တည်ဆောက်ဖို့အတွက် Soft skills တွေရဲ့ အရေးပါမှုကို ပိုပြီး သိရှိလက်ခံထားကြခြင်း ဖြစ်ပါတယ်။

ဟားဗတ်တက္ကသိုလ်ရဲ့ လေ့လာမှုတစ်ခုဖြစ်တဲ့ "လုပ်ငန်းခွင်အတွင်း Soft skills များရဲ့ အရေးပါမှု" မှာဆိုရင် လုပ်ငန်းအောင်မြင်မှုရဲ့ ၈၅ ရာခိုင်နှုန်းဟာ ကောင်းမွန်စွာဖွံ့ဖြိုးတိုးတက်နေတဲ့ Soft skills တွေကြောင့် ရရှိတာဖြစ်ပြီး ကျန် ၁၅ ရာခိုင်နှုန်းကတော့ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုတွေနဲ့ အသိပညာတွေကြောင့်ရရှိတာလို့ တွေ့ရှိထားပါတယ်။ ဒ့ါအပြင် LinkedIn က ပြုလုပ်တဲ့ စစ်တမ်းတစ်ခုမှာဆိုရင် ဝန်ထမ်းတွေခန့်ထားရာမှာ Hard skills တွေထက် Soft skills တွေက တန်းတူသို့မဟုတ် ပိုပြီးအရေးကြီးတာကို အရည်အချင်းရှိတဲ့ ပရော်ဖက်ရှင်နယ်သမားတွေနဲ့ အလုပ်ခန့်ထားတဲ့ မန်နေဂျာတွေ ၉၂ ရာခိုင်နှုန်းက လက်ခံထားကြတယ်လို့ ဖော်ပြထားပါတယ်။ Soft skills တွေက Hard skills တွေနည်းတူ အရေးပါတာမှန်ပေမယ့် ကျွမ်းကျင်မှုနှစ်ခုစလုံးက သူ့နေရာနဲ့သူ အရေးပါတာကြောင့်မို့လို့ အောင်မြင်မှုဆိုတဲ့ရည်မှန်းချက်ကို သွားရာမှာတော့ Soft skill နဲ့ Hard skill တွေကို ဟန်ချက်ညီ အသုံးချနိုင်ဖို့ လိုအပ်ပါတယ်။

**Hard Skills နှင့် Soft Skills များပေါင်းစပ်ခြင်း**

လူတစ်ဦးချင်းစီအနေနဲ့ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ အလုပ်အကိုင်ဈေးကွက်ထဲမှာ ကြီးပွားတိုးတက်ဖို့ဆိုရင် Hard skill နဲ့ Soft skill နှစ်ခုစလုံး ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဖို့လိုပါတယ်။ လုပ်ငန်းခွင်တွေမှာ သက်ဆိုင်ရာကဏ္ဍအလိုက် Hard skill ကျွမ်းကျင်သူတွေ အများအပြားရှိကြပါတယ်။ ဒါပေမဲ့ အဲဒီတစ်ဦးချင်းစီက သူတို့ရဲ့ကဏ္ဍကိုမြှင့်တင်နိုင်တဲ့ အရည်အချင်း၊ လုပ်ဖော်ကိုင်ဖက်တွေ၊ ဖောက်သည်တွေနဲ့ ထိထိရောက်ရောက် ဆက်သွယ်ပြောနိုင်မှုနဲ့ ပြောင်းလဲနေတဲ့ဝန်းကျင်နဲ့အညီ လိုက်လျောညီထွေရှိအောင် လုပ်နိုင်မှုကို အဆုံးအဖြတ်ပေးတာက Hard skill မဟုတ်ပါဘူး၊ Soft skill တွေပါပဲ။ ဒါကြောင့် Hard skill နဲ့ Soft skill ကျွမ်းကျင်မှုတွေ ပေါင်းစပ်ခြင်းကြောင့် တစ်ဦးချင်းစွမ်းဆောင်ရည်နဲ့ အဖွဲ့အစည်းဆိုင်ရာ ထိရောက်မှုကို မြှင့်တင်ပေးတဲ့အတွက် ဘက်စုံအကျိုးကျေးဇူးတွေကို ရရှိစေပါတယ်။

ပညာရေးနယ်ပယ်မှာဆိုရင် Hard skills နဲ့ Soft skills တွေ ပေါင်းစပ်အသုံးပြုခြင်းဟာ အလုံးစုံပညာရေးရဲ့အခြေခံဖြစ်ပါတယ်။ ပညာရေးအဖွဲ့အစည်းတွေက ကျောင်းသားတွေကို Soft skill ကျွမ်းကျင်မှုတွေ ပြုစုပျိုးထောင်ပေးခြင်းဖြင့် ကျောင်းသားတွေရဲ့ တစ်သက်တာသင်ယူမှုနဲ့ အသက်မွေးဝမ်းကျောင်းအောင်မြင်မှုတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ ခံနိုင်ရည်ရှိမှုနဲ့ လိုက်လျောညီထွေရှိမှုတွေကို ရရှိစေပါတယ်။

ဒ့ါအပြင် Hard skills နဲ့ Soft skills တွေ ပေါင်းစပ်အသုံးပြုခြင်းဖြင့် နည်းပညာအသွင်ပြောင်းမှု၊ ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ လူမှုအသိုက်အဝန်းပြောင်းလဲမှုတွေလို စိန်ခေါ်မှုတွေကို ကိုင်တွယ်ဖြေရှင်းရာမှာ အရေးကြီးလိုအပ်ပါတယ်။ နည်းပညာတွေ အရှိန်ပြင်းပြင်း ပြောင်းလဲတိုးတက်တာတွေနဲ့ အပြန်အလှန်ဆက်ဆံရတာတွေ များလာတဲ့ခေတ်မှာ မတူကွဲပြားတဲ့ကျွမ်းကျင်မှုတွေ ပိုင်ဆိုင်ထားသူတွေဟာ မရေရာ မသေချာမှုတွေကြားမှာ လမ်းကြောင်းမှန်စေဖို့၊ အပြောင်းအလဲတွေကို လက်ခံနိုင်ဖို့နဲ့ ပတ်ဝန်းကျင်အမျိုးမျိုးမှာ ရှင်သန်ဖို့အတွက် အခွင့်အလမ်းတွေ ပိုမိုရရှိစေပါတယ်။

ပရော်ဖက်ရှင်နယ် ဖွံ့ဖြိုးတိုးတက်မှုတွေမှာလည်း Hard skill နဲ့ Soft skill ပေါင်းစပ်အသုံးချနိုင်စွမ်းရဲ့အရေးပါမှုကို ချန်လှပ်ထားလို့မရပါဘူး။ Hard skill နဲ့ Soft skill နှစ်မျိုးစလုံးလိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နည်းပညာကျွမ်းကျင်တာတွေ (Hard skills) နဲ့ လူအချင်းချင်းကျွမ်းကျင်မှု (Soft skills) တွေကို ပေါင်းစပ်အသုံးချနိုင်စွမ်းဟာ ပညာရေး၊ စီးပွားရေးနဲ့ နေ့စဉ်ဘဝအပါအဝင် နယ်ပယ်အသီးသီးမှာ အောင်မြင်မှုရဖို့အတွက် အခြေခံအုတ်မြစ်ဖြစ်နေလို့ပါပဲ။ ဒါပေမဲ့ ဖြစ်တတ်တာက လူ့သဘာဝအရ သိသာမြင်သာတိုင်းတာနိုင်တဲ့ Hard skills တွေကိုသာ အလေးထားတတ်ကြပြီး မသိသာနိုင်တဲ့ Soft skills တွေကို အလေးမထားတတ်ကြပါဘူး။ ဒီလိုကျွမ်းကျင်မှုဟန်ချက်မညီခြင်းဟာ လူအများနဲ့လုပ်ကိုင်ကြရတဲ့ အဖွဲ့အစည်းတွေနဲ့လုပ်ငန်းခွင်တွေမှာ တစ်ဦးချင်းနဲ့ အဖွဲ့အစည်းရဲ့ အရည်အသွေးတွေကို သိသိသာသာ ကျဆင်းစေပါတယ်။

အဖွဲ့အစည်းတွေမှာ ပါဝင်နေကြတဲ့သူတွေဟာ လူသားတွေဖြစ်တဲ့အတွက် လူသားသဘာဝနဲ့ လိုက်လျောညီထွေဖြစ်စေမယ့် Soft skills တွေက မရှိမဖြစ် လိုအပ်ပါတယ်။ အခုဆို လူ့အဖွဲ့အစည်းရဲ့ တိုးတက်မှုတွေဟာ အပြန်အလှန်ချိတ်ဆက်မှုနဲ့ ပြောင်းလဲမှုပိုများတဲ့ အနာဂတ်ဆီကို ဦးတည်နေတဲ့အတွက် Hard skill နဲ့ Soft skill ပေါင်းစပ်အသုံးချနိုင်စွမ်းဟာ ဆက်ပြီးအရေးပါနေဦးမှာပါ။

**ကိုးကား**


၁။ National Association of Colleges and Employers (NACE). (n.d.). Job Outlook 2023. Retrieved from https://www.naceweb.org/job-outlook/annual-report/

၂။ World Economic Forum. (2022). The Future of Jobs Report 2022. Retrieved from https://www.weforum.org/reports/the-future-of-jobs-report-2022

၃။ Journal of Business and Psychology. (2017). The Role of Teamwork Skills in the Performance of Business Teams: A Multilevel Analysis. Retrieved from https:// link.springer.com/ article/ 10.1007/s10869-017-9472-2

၄။ American Psychological Association. (n.d.). Emotional Intelligence. Retrieved from https://www.apa.org/topics/emotional-intelligence

၅။ Harvard University, "The Importance of Soft Skills in the Workplace"

၆။ LinkedIn, "Global Talent Trends 2019"


## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၄-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၀ | ၂၈၆၅ | ၂၈၅၀ | ၂၈၃၀ | ၂၉၂၅ | ၂၉၄၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၈၀ | ၂၈၈၀ | ၂၈၈၅ | ၃၁၁၅ | ၃၃၀၀ |
| 95 Ron | ၂၉၁၅ | ၂၉၆၅ | ၂၉၆၀ | ၂၉၂၀ | ၂၉၆၀ | ၂၉၈၅ | ၂၉၇၀ | ၂၉၄၅ | ၃၀၄၅ | ၃၀၆၀ | ၂၉၅၀ | ၂၉၇၀ | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၂၃၀ | ၃၄၁၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၄၅ | ၂၄၇၀ | ၂၄၆၅ | ၂၄၃၀ | ၂၅၅၀ | ၂၅၄၅ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၉၀ | ၂၇၁၅ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၆၈ | ၂၇၅၅ |
| 95 Ron | ၂၇၈၂ | ၂၈၇၁ |
| HSD (500 ppm) | ၂၂၈၄ | ၂၃၅၉ |
| HSD (50 ppm) | ၂၃၂၈ | ၂၄၀၅ |
| HSD (10 ppm) | ၂၃၂၈ | ၂၄၀၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## သာစည်မြို့နယ်၌ မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၆၀၀ လျာထားဆောင်ရွက်လျက်ရှိ

သာစည် မတ် ၃၁

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၆၀၀ လျာထားပြီး မင်းလှကန်ရေသောက်ဧရိယာ ကျေးရွာအုပ်စုလေးစုတွင် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဧက ၆၀၀ ကို နှမ်းကန်၊ သနပ်ကန်၊ အိုင်ဒွန်းနှင့်ဉာဏ်ကန် ကျေးရွာအုပ်စုများ၌ စိုက်ပျိုးဆောင်ရွက်လျက်ရှိပြီး နှမ်းကန်ကျေးရွာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဧက ၁၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ ချည်မျှင်ရှည်ဝါပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် အဆိုပါဧက ၁၀၀ ကို(B.31)ဝါမျိုး စိုက်ပျိုးကြောင်းသိရပြီး ကျန်ဧကများကို ရွှေတောင်(၈)နှင့်ရွှေတောင်(၁၀)ချည်မျှင်ရှည်ဝါမျိုးများ စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။

သိပ္ပံနည်းကျစနစ်တကျစိုက်ပျိုးခြင်းဖြင့် တစ်ဧကချင်းအထွက်နှုန်းကောင်းမွန်ပြီး တောင်သူများ အကျိုးဖြစ်ထွန်းစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အဆိုပါဝါစိုက်ကွင်းများသို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

သက်ရှိကမ္ဘာရှင်သန်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# တောင်ကြီးမြို့၌ အစိုးရဓမ္မာစရိယနှင့် အစိုးရပါဠိပထမပြန်စာမေးပွဲများ ကျင်းပဆောင်ရွက်လျက်ရှိ



တောင်ကြီး မတ် ၃၁

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို မတ် ၂၈ ရက်မှစ၍ တောင်ကြီးစာဖြေဌာနဖြစ်သည့် တောင်ကြီးမြို့ မြို့လယ်ဓမ္မာရုံတွင် ကြီးကြပ်ရေးဆရာတော် ၁၁ ပါးတို့က ကြီးကြပ်ဆောင်ရွက်၍ ကျင်းပလျက်ရှိရာ စာရင်းပေးသွင်းထားသည့် စာဖြေသံဃာတော်နှင့် သီလရှင် ၈၇ ပါးအနက် သံဃာတော်နှင့် သီလရှင် ၆၇ ပါး ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

အဆိုပါ စာမေးပွဲဝင်ရောက်ဖြေဆိုနေကြသည့် သံဃာတော်နှင့် သီလရှင်များအား ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံတို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အစိုးရပါဠိပထမပြန်စာမေးပွဲကို ဧပြီ ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)




# စူဠဘွဲ့နှင်းသဘင်အခမ်းအနားနှင့် သာသနာနုဂ္ဂဟပရိယတ္တိစာမေးပွဲကြီး စာအောင်သံဃာတော် အရှင်သူမြတ်များအား ချီးကျူးပူဇော်ပွဲ ကျင်းပ

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)နှင့် (အနောက်ပိုင်း)မြို့နယ်များမှ စူဠဘွဲ့နှင်းသဘင်နှင့် (၂၁)ကြိမ်မြောက် သာသနာနုဂ္ဂဟပရိယတ္တိစာအောင်သံဃာတော် အရှင်သူမြတ်များအား ချီးကျူးပူဇော်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီက အမှတ်(၆)ရပ်ကွက် ကျန်စစ်သားလမ်းနှင့် ဖိုးရာဇာလမ်းထောင့်ရှိ သာသန မကုဋ္ဌအတုလ ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် သစ်တံခါးဆရာတော်ကို အမှူးထား၍ တော်ဝင်မိသားစုက အလှူငွေများ ပေးအပ်လှူဒါန်းခြင်း၊ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြခြင်း၊ မြို့နယ်များမှ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်များက ဩဝါဒကထာနှင့် ရေစက်ချ အနုမောဒနာတရားဟောကြားခြင်း၊ အထူးအောင် ၁၃ ပါးနှင့် ရိုးရိုးအောင် အပါး ၄၄၀ တို့အား ဘွဲ့တံဆိပ်အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပေးအပ်ခဲ့ကြသည်။

ချီးကျူးပူဇော်ပွဲအခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ဆရာတော်များ၊ ကြီးကြပ်ဆရာတော်များ၊ စာအောင်သံဃာတော်များ၊ သီလရှင်များပေါင်း ၄၈၅ ပါး၊ လှိုင်သာယာ(အရှေ့ပိုင်း)၊ (အနောက်ပိုင်း) မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ တက်ရောက်ကြပြီး လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချအမျှပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ထိုင်းနိုင်ငံမဟာချူလာလောင်ကွန်းတက္ကသိုလ်မှဆက်ကပ်သောဒေါက်တာဘွဲ့ ဂုဏာဝိသိဋ္ဌဂုဏ်ပြုပွဲ ကျင်းပ

ရန်ကုန် မတ် ၃၁

မွန်ပြည်နယ် ကျိုက်မရောမြို့ ဆုတောင်းပြည့် ဘုရားကြီးကျောင်းတိုက်နှင့် ရန်ကုန်တိုင်းဒေသကြီးတောင်ဥက္ကလာပမြို့နယ် ကန်ဦးကျောင်းတိုက် ဦးစီးပဓာန နာယက နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တဝါရိန္ဒအား ထိုင်းနိုင်ငံ မဟာချူလာ လောင်ကွန်းရာဇဝိဒယ ဘုရင့်တက္ကသိုလ်မှ ဆက်ကပ်သော ဒေါက်တာဘွဲ့ ဂုဏာဝိသိဋ္ဌဂုဏ်ပြုပွဲနှင့် သိက္ခာ



တော်ထပ် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ကန်ဦးကျောင်းတိုက်၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး အလှူရှင်မိသားစုနှင့်ဧည့်သည်တော်များက ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိထံမှငါးပါးသီလခံယူဆောက်တည်ခဲ့ကြသည်။

ထို့နောက် ဧည့်ပရိသတ်များက ကြွရောက်တော်မူလာကြသည့် သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အောင်မြင့်(ပြန်/ဆက်)

○ MNL Cup မှ

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ကချင်ယူနိုက်တက်အသင်းကို ငါးဂိုးပြတ် အနိုင်ရခဲ့သည်။ ပြီးခဲ့သည့်ရာသီက MNL အမှတ်ပေးပြိုင်ပွဲ တွေ့ဆုံရာတွင် တစ်ပွဲသရေကျပြီး အရေးနိမ့်သည့်ပွဲတွင်လည်း တစ်ဂိုးအကွာဖြင့်သာ အရေးနိမ့်ခဲ့သည့် ကချင်ယူနိုက်တက်အသင်းသည် ယခုပွဲတွင်မူ ထူးထူးခြားခြားလုပ်မပြနိုင်ဘဲ ရှမ်းယူနိုက်တက်အသင်းကို ဂိုးပြတ်အရေးနိမ့်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဂိုးပြတ်အနိုင်ရလဒ်နှင့်အတူ ရာနှုန်းပြည့်နိုင်ပွဲ ရရှိခဲ့သည်။

ပွဲအစ သုံးမိနစ်မှာပင် ခွန်ကျော်ဇင်ဟိန်းက ရှမ်းယူနိုက်တက်အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ပွဲကိုဦးဆောင်နိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် စောစီးစွာဂိုးရသော်လည်း ကျန်အနိုင်ဂိုးများကို မိနစ် ၃၀ နောက်ပိုင်းမှ သွင်းယူနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၃၁ မိနစ်တွင် စအောင်ပြည့်ကို၊ ၃၈ မိနစ်တွင် ကာနီရှီယို၊ ၆၉ မိနစ်တွင် ရဲရင့်အောင်နှင့် ၈၇ မိနစ်တွင် အောင်နိုင်ဝင်းတို့က သွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းက သုံးပွဲကစား ကိုးမှတ်၊ ကချင်ယူနိုက်တက်အသင်းက သုံးပွဲကစား ခြောက်မှတ် ရရှိထားသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက GFA အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းအတွက် အနိုင်ဂိုးများကို ၁၉ မိနစ်တွင် တက်တာ၊ ၅၉ မိနစ်နှင့် ၇၁ မိနစ်တွင် ဝေလင်းအောင်တို့က သွင်းယူခဲ့သည်။ ရန်ကုန်အသင်းသည် သုံးပွဲကစား ကိုးမှတ်၊ GFA အသင်းက သုံးပွဲကစား သုံးမှတ် ရရှိထားသည်။

တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းက Rainbow အသင်းကို ၁၁ ဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရခိုင်အသင်းသည် ဂိုးမိုးရွာပြီး နိုင်ပွဲပြန်လည်ရယူခဲ့သည်။ ရခိုင်အသင်းအတွက် အနိုင်ဂိုးများကို ၁၁၊ ၁၉ မိနစ်တွင် သန်းကျော်ဌေး၊ ၂၈၊ ၃၀ မိနစ်တွင် ကောင်းစည်သူ၊ ၃၃၊ ၃၅၊ ၄၅+၁၊ ၉၀ မိနစ်တွင် ကျော်ကိုကို၊ ၃၇ မိနစ်တွင် ကြည်လင်း၊ ၇၃ မိနစ်တွင် မင်းခန့်ကျော်၊ ၈၁ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် မိုကာလူးတို့က သွင်းယူခဲ့ပြီး Rainbow အသင်းအတွက် ချေပဂိုးများကို ၂၁၊ ၇၆ မိနစ်တွင် ဆန်းမြင့်နိုင်က သွင်းယူခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းက သုံးပွဲကစား ခြောက်မှတ်ရထားပြီး Rainbow အသင်းမှာမူ လေးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်အသင်းက ရွှေပြည်သာအသင်းကို ရှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မဟာယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၂၇ မိနစ်တွင် ပက်ထရစ်၊ ၃၃၊ ၄၇ မိနစ်တွင် နေလင်းစိုး၊ ၃၉ မိနစ်တွင် ဟိန်းနေဆန်း၊ ၄၅+၁၊ ၆၁ မိနစ်တွင် အောင်လှိုင်ဝင်း၊ ၇၇ မိနစ်တွင် ခန့်ဇင်ဟိန်း၊ ၈၂ မိနစ်တွင် ထူးဝေယံတို့က သွင်းယူပြီး ရွှေပြည်သာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၆၃ မိနစ်တွင် စောဖွေးက သွင်းယူခဲ့သည်။ မဟာယူနိုက်တက်အသင်းက သုံးပွဲကစား ကိုးမှတ်၊ ရွှေပြည်သာအသင်းက လေးပွဲကစား လေးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ပွဲစဉ်(၄)ဒုတိယနေ့အဖြစ် ဧပြီ ၁ ရက်တွင် တက္ကသိုလ်ကွင်း၌ ဟံသာဝတီအသင်းနှင့် ဧရာဝတီအသင်း၊ YUSC ကွင်း၌ ငွေကြယ်ပွင့်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ရတနာပုံအသင်း၊ ပဒုမ္မာကွင်း၌ ရက္ခပူရယူနိုက်တက်အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MNL

## မွေးမြူရေးတိရစ္ဆာန်များ အပူရှိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူရှိန် ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) တိရစ္ဆာန်များကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါ ဖြစ်ပွားကျရောက်စေခြင်း မရှိစေရန်အတွက် ကာကွယ်ဆေးများပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသော နေရာများတွင် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများ ထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ရေချိုသယံဇာတမဆုံးရှုံးရေး အားလုံးပါဝင်ကူညီပေး

ထက်ဝေအောင်(စစ်ကိုင်း)

လူနှင့်သက်ရှိအားလုံးအတွက် 'လေ' ပြီးလျှင် 'ရေ' ကို ညွှန်ပြရမည်ဖြစ်သည်။ ခေတ်ကြီးလေးပါးတွင် အာပေါခေတ်ဟုခေါ်ဆိုသည့် ရေ၏အရေးပါမှုသည် လွန်စွာနက်ရှိုင်းလှပြီး သက်ရှိကမ္ဘာကို ကိုယ်စားပြုလျက်ရှိသည်။ ရေအသက်တစ်မနက် ထမင်းအသက် ခုနစ်ရက်ဆိုစကားသည် ရေမရှိလျှင် မဖြစ်နိုင်သည့် အဓိပ္ပာယ်ကိုဆောင်ပေသည်။ သက်ရှိအားလုံးအတွက် မရှိမဖြစ် "ရေ"ဟု ဆိုရပါမည်။ ရေမရှိပါက သက်ရှိအားလုံး သေဆုံးရမည်ဖြစ်သည်။ ရေနှင့်ဆက်စပ်နေသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှာလည်း တစ်မုဟုတ်ချင်း ပျက်စီးရမည်ဖြစ်သည်။ မြစ်ချောင်း၊ အင်းအိုင်များတွင် ရေများစွာတွေ့မြင်ရခြင်းက လာဘ်ကြီးတစ်ပါး ပိုင်ဆိုင်ရသည့်ပမာ တူညီလှသည်။ သန့်ရှင်းသည့်ရေသည် လူအပါအဝင် သက်ရှိအားလုံးအတွက် အကျိုးပြုဆုံး ဆေးဝါးရိက္ခာ၊ နိုင်ငံတစ်နိုင်ငံ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကဏ္ဍအသီးသီးမှ ဘက်စုံသုံးအဖြစ် ထောက်ပံ့ကူညီပေးလျက် ထိရောက်စွာအကျိုးပြုလျက်ရှိသည်။



**အပူပိုင်းဇုန်ဒေသများတွင် သောက်သုံးရေနှင့် စိုက်ပျိုးရေ**

ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုကြောင့် ဥရောပ၊ အမေရိကနှင့် အာရှဒေသအချို့တွင် ဖြစ်ပေါ်နေသော မိုးခေါင်မှုသည် တစ်စထက်တစ်စ ပိုမိုဆိုးရွားလာမှုကြောင့် အပူပိုင်းဇုန်ဒေသများတွင် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရန် ခက်ခဲလာနိုင်ပြီး ရေအရင်းအမြစ်များ တဖြည်းဖြည်းလျော့နည်းခန်းခြောက်စေနိုင်သည်။ ရာသီဥတုဖောက်ပြန်မှု၊ လူတို့ဖန်တီးမှုကြောင့် မြစ်အတွင်း သောင်ထွန်းခြင်း၊ ရေကြောင်းများကျဉ်းမြောင်းလာခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်များ ယိုယွင်းပျက်စီးခြင်း စသည့်ပြဿနာများ ဖြစ်ပေါ်နိုင်သည်။ အလွန်အကျွံမိုးရွာခြင်း၊ ရေကြီးရေလျှံခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ ပင်လယ်ရေမြင့်တက်လာမှုကြောင့် လယ်မြေများပျက်စီးခြင်း၊ မြေအောက်ရေတွင် ပင်လယ်ရေငန်တိုးဝင်ခြင်းများ ဖြစ်ပွားလာနိုင်သည်။

မြန်မာနိုင်ငံသည် ရေအရင်းအမြစ် ပေါများကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကို နိုင်ငံများနည်းတူခံစားရပြီး မြစ်ချောင်းများအတွင်း အနည်ပို့ချခြင်း၊ သောက်သုံးရေရှားပါးခြင်းနှင့် ရေ၏ အရည်အသွေးကျဆင်းလာခြင်း အစရှိသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့လျက်ရှိသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် ရေအရင်းအမြစ်သယံဇာတများကို ဒေသ၏ လိုအပ်ချက်နှင့်ကိုက်ညီပြီး ရေရှည်အကျိုးစီးပွားအတွက် လုံခြုံစိတ်ချစွာ အသုံးချနိုင်မည့် ရေစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို စနစ်တကျ စီမံအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး သဘာဝအရင်းအမြစ်၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပတ်ဝန်းကျင်တို့ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ရေရရှိရေးလုပ်ငန်းများ၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိနိုင်မည့် ရေသွင်းစိုက်ပျိုးရေးစနစ်များကို မျက်ခြည်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**ရေလှောင်တမံကြီးများ၏ ကြံ့ခိုင်ရေးနှင့် ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေး**

ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်ကြီးလေးသွယ်မှရရှိသည့် အဖိုးတန်ရေအရင်းအမြစ်၏တန်ဖိုးကို နားလည်သိရှိပြီး ရေချိုအရင်းအမြစ်များ စနစ်တကျ စီမံခန့်ခွဲရမည်ဖြစ်သည်။ သဘာဝရေချိုအရင်းအမြစ်များ ထိန်းသိမ်းသိုလှောင်နိုင်ရန် တည်ဆောက်ထားသောရေလှောင်တမံကြီးများ၏ ကြံ့ခိုင်ရေးနှင့် ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေဖူလုံစွာ အသုံးပြုနိုင်ရေး၊ ဒေသစိမ်းလန်းစိုပြည်စေရေးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး လုပ်ငန်းများကို များစွာအကျိုးပြုစေမည်ဖြစ်သည်။ အလားတူ ရေဝေရေလဲဒေသ သစ်တောများထိန်းသိမ်းရေးနှင့် ရေထုညစ်ညမ်းမှုမရှိစေရေး လုပ်ငန်းများကို ထိရောက်စွာ ထိန်းသိမ်းပေးခြင်းဖြင့် ရေအရင်းအမြစ်များ သန့်ရှင်းစင်ကြယ်လာနိုင်ပြီး အနာဂတ်ကမ္ဘာ ထာဝရတည်တံ့စေရေးကို အမြဲတစေ ကိုယ်စားပြုနေမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ရေအရင်းအမြစ်စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေဝေရေလဲဒေသများထိန်းသိမ်းခြင်း၊ မြစ်ဝှမ်းဒေသများ၌ တရားမဝင်ရွှေတူးဖော်ခြင်း၊ အခြားခတ်သတ္တုများနှင့် အဖိုးတန်ကျောက်မျက်ရတနာထုတ်လုပ်ခြင်း၊ တရားမဝင်ကျောက်စရစ်နှင့် သဲထုတ်လုပ်ခြင်းလုပ်ငန်းများကို စည်းကမ်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းချုပ်ခြင်း၊ မိုးရာသီကာလတွင် သစ်ပင်စိုက်ပျိုးခြင်း၊ မြစ်ချောင်းများအတွင်း ရေထုညစ်ညမ်းမှုတားဆီးကာကွယ်ခြင်း၊ မြစ်ချောင်း၊ အင်းအိုင်၊ ကန် အစရှိသည့် ရေအရင်းအမြစ်များနှင့် ရေနုတ်မြောင်းများအတွင်းသို့ အမှိုက်သရိုက်များ၊ ရေဆိုးများ စွန့်ပစ်မှုအပေါ် စောင့်ကြည့်ထိန်းချုပ်ခြင်းနှင့် စည်းကမ်းမဲ့ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ တားဆီးထိန်းချုပ်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။

**မြေပေါ်မြေအောက် ရေအရင်းအမြစ် သယံဇာတများ**

ကမ္ဘာကြီးတွင် ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်တံ့မှုဆိုင်ရာပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် မြေအောက်ရေကို အကျိုးရှိစွာသုံးစွဲရန် လိုအပ်လာပေသည်။ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လာခြင်းနှင့် ကျေးရွာအခြေပြုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းသည် ရေလိုအပ်မှုပြဿနာကို မြင့်မားစေသည်။ ရေအသုံးချသူအများစုသည် မြေအောက်ရေ (သို့မဟုတ်) အဝီစိတွင်းရေကို အလွန်အကျွံထုတ်ယူသုံးစွဲလာကြသဖြင့် အနာဂတ်ရေပြဿနာ ရတက်မအေးဖွယ်ဖြစ်လာနိုင်သဖြင့် မြေပေါ်မြေအောက် ရေအရင်းအမြစ် သယံဇာတများကို စနစ်တကျ စီမံခန့်ခွဲရမည်ဖြစ်သည်။ ရေဆိုင်ရာလိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်လျက် စနစ်ကျသော စိုက်ပျိုးရေပေးဝေခြင်း၊ စည်းကမ်းတကျ သောက်သုံးရေပေးဝေခြင်းနှင့် နည်းလမ်းတကျ ရေဘေးကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ရေအရင်းအမြစ်သယံဇာတများဆုံးရှုံးမှုမှ ကာကွယ်နိုင်မည်ဖြစ်သည်။

ရေချိုသည် လူနှင့် တိရစ္ဆာန်များ၊ အပင်များ ရှင်သန်ရေးအတွက် မရှိမဖြစ် အရေးပါသည့် လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ နှစ်စဉ် ရေအခက်အခဲကြုံတွေ့ရမှုသည် ရေသုံးစွဲသူအများစုသည် ရေသယံဇာတ၏ တန်ဖိုးနားမလည်မှု၊ ရေချိုအရင်းအမြစ်များ ရေရှည်တည်တံ့ရေးဆိုင်ရာ ရေစီမံခန့်ခွဲမှုလိုအပ်မှုကို ဖော်ပြနေခြင်းဖြစ်သည်။ ရေရှားပါးခြင်းက စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် ဘက်ပေါင်းစုံရှိ လူမှုဘဝများကို ထိခိုက်စေနိုင်သည်။ ရေတွင် ရေချိုနှင့် ရေငန်ဟူ၍ရှိရာ ကမ္ဘာ့ရေချိုပမာဏမှာ အနည်းငယ်သာရှိပြီး သုံးစွဲကုန်ဆုံးသွားသောရေချိုများ ပြန်လည်ဖြည့်တင်းရေးအခန်းကဏ္ဍတွင် ပင်လယ်သမုဒ္ဒရာကြီးက ပါဝင်အားဖြည့်ပေးသည်။ ပင်လယ်သမုဒ္ဒရာကြီးမှ ထွက်ရှိလာသည့် ရေခိုးရေငွေ့များ အငွေ့ပြန်ရာမှ မိုးအဖြစ် ရွာသွန်းနိုင်ပြီး အဆိုပါမိုးရေသည် အဖိုးတန်ရေချိုတစ်ရပ် ဖြစ်နိုင်ပေသည်။

**သန့်စင်သောရေရရှိရေးနှင့် မြေအောက်ရေထုတ်ယူသုံးစွဲရေးလုပ်ငန်းများ**

မိုးရာသီကာလတွင်သဘာဝရေများ အလဟဿဆုံးရှုံးမှုမရှိစေရေး နည်းပညာအခြေခံသည့် ရေပေးဝေမှုစနစ်များကို တီထွင်ကြံဆအသုံးပြုနိုင်ရေး ဆောင်ရွက်လျက် နွေရာသီရေခန်းခြောက်ချိန်တွင် ရေသိုလှောင်မှု၊ ဖြန့်ဖြူးမှုစနစ်များ ဟန်ချက်ညီမှ ရေကုန်သက်သာစေမည်ဖြစ်သည်။ ရေရှားပါးသည့် ဒေသများ၊ တောင်ပေါ်ဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများတွင် မှီတင်းနေထိုင်သည့် ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေး ရေစီမံခန့်ခွဲရေး ဗဟုသုတရှိရန် လိုအပ်ပေသည်။ "မိုးရွာတုန်းရေခံ" ဆိုစကားအတိုင်း မိုးရေကို စနစ်တကျ စုဆောင်းသိုလှောင်ရမည်ဖြစ်သည်။ သန့်စင်သော ရေရရှိရေးနှင့် မြေအောက်ရေထုတ်ယူသုံးစွဲရေးလုပ်ငန်းများတွင် ပါဝင်ကူညီသောအားဖြင့် လူတိုင်း ရေကို အလေအလွင့်မရှိ သုံးစွဲသင့်သည်။ ရေ၏အရေးပါမှုကို သိရှိနားလည်မှသာ ရေအရည်အသွေးပြည့်ဝဖူလုံသော ရေရရှိမှုနှင့် ရေရှားပါးမှုပြဿနာ နည်းပါးလာမည်ဖြစ်သည်။ ထိုနည်းတူစွာ ရေနှင့်ဆက်နွှယ်တည်ရှိနေသည့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍကြီးများမှာလည်း ရေခံ၊ မြေခံ ပတ်ဝန်းကျင်ကောင်းအပေါ်တွင် အမှီပြုတည်ရှိ၍ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ကမ္ဘာ့လူဦးရေတိုးပွားမှု၊ ရာသီဥတုပြောင်းလဲမှုအရေးများကြောင့် နောင်တွင် ရင်ဆိုင်ကြုံတွေ့ရမည့် ရေရှားပါးသည့်အခြေအနေသို့ မရောက်ရှိရေး ပူးပေါင်းကာကွယ် စောင့်ရှောက်ရမည်ဖြစ်သည်။ ငြိမ်းချမ်းသာယာသောဘဝများစွာဖြစ်ပေါ်ရေး၊ စားရေရိက္ခာဖူလုံရေး အလေးပေးဆောင်ရွက်ရမည်ဖြစ်ပြီး ဆက်စပ်ပတ်သက်နေသည့် ရေကဏ္ဍမြှင့်တင်ရေးကိုလည်း ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။ ရေချိုဆုံးရှုံးမှုကိုဖြစ်စေသည့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်များပျက်စီးမှု၊ သုံးစွဲနေသည့် ရေချိုအရင်းအမြစ်များ တည်တံ့အောင် မထိန်းသိမ်းနိုင်မှု၊ မြို့ပြဒေသများရှိ ရေဆိုးစွန့်ပစ်မှုစနစ်၊ မိလ္လာစနစ်နှင့် အမှိုက်များ မဆင်မခြင်စွန့်ပစ်မှု အစရှိသည့် အခြေအနေများကြောင့် ရေချိုအရင်းအမြစ်များ ပျက်စီးလျော့နည်းမှုများကို အဖြေရှာ ကုစားသွားရမည်ဖြစ်သည်။ လူသည် ဉာဏ်ရည်မြင့်မားသူများဖြစ်ကြသဖြင့် အကျိုးအပြစ်ကို နားလည်သည်။ ရေချိုပမာဏ မယုတ်လျော့ရေးကြိုးပမ်းရာတွင် စွမ်းဆောင်နိုင်သူများဖြစ်သည်။ ရေကဏ္ဍမြှင့်တင်ဆောင်ရွက်ရာတွင် ဒေသအလိုက် တည်ရှိနေသည့် အဖိုးတန်ရေသယံဇာတ အရင်းအမြစ်များ မပျက်စီးရေး၊ အဖိုးတန်ရေချိုကို လိုအပ်သလောက် ချွေတာသုံးစွဲရေး၊ သစ်ပင်စိုက်ပျိုးရေးလုပ်ငန်းများကို တစ်ဦးချင်း အသိစိတ်ဓာတ်ဖြင့် ပြုပြင်လုပ်ဆောင်သွားမည်ဆိုပါက ရေအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်အောင်မြင်နိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

> "မိုးရွာတုန်းရေခံ" ဆိုစကားအတိုင်း မိုးရေကို စနစ်တကျ စုဆောင်းသိုလှောင်ရမည်ဖြစ်သည်။ သန့်စင်သောရေရရှိရေးနှင့် မြေအောက်ရေထုတ်ယူသုံးစွဲရေးလုပ်ငန်းများတွင် ပါဝင်ကူညီသောအားဖြင့် လူတိုင်း ရေကို အလေအလွင့်မရှိ သုံးစွဲသင့်သည်။ ရေ၏အရေးပါမှုကို သိရှိနားလည်မှသာ ရေအရည်အသွေးပြည့်ဝဖူလုံသောရေရရှိမှုနှင့် ရေရှားပါးမှုပြဿနာ နည်းပါးလာမည်ဖြစ်သည်။ ထိုနည်းတူစွာ ရေနှင့်ဆက်နွှယ်တည်ရှိနေသည့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍကြီးများမှာလည်း ရေခံ၊ မြေခံ ပတ်ဝန်းကျင်ကောင်းအပေါ်တွင် အမှီပြုတည်ရှိ၍ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grammar & Writing

(ယခင်တစ်ပတ်က Common nouns နဲ့ Proper nouns အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာ Singular Nouns နဲ့ Plural Nouns အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။)

### Singular Nouns (တစ်ခုကိန်းနာမ်)

ရေတွက်ရသော နာမ် (Countable noun) တစ်ခုသည် ပစ္စည်းတစ်ခု၊ တိရစ္ဆာန်တစ်ကောင်၊ လူတစ်ယောက်ဖြစ်ပါက ၎င်းကို တစ်ခုကိန်းနာမ် (Singular Noun) ဟုခေါ်သည်။

ဥပမာ ။ ။

| | |
|---|---|
| a house (အိမ်တစ်လုံး) | a park (ပန်းခြံတစ်ခြံ) |
| an idea (စိတ်ကူးတစ်ခု) | a taxi (တက္ကစီတစ်စီး) |
| a doctor (ဆရာဝန်တစ်ယောက်) | an oven (မီးဖိုတစ်ခု) |

### Plural Nouns (အများကိန်းနာမ်)

ရေတွက်ရသော နာမ် (Countable noun) သည် အရေအတွက်အားဖြင့် တစ်ခု၊ တစ်ကောင်၊ တစ်ယောက်ထက်ပိုမိုများပြားလာပါက ၎င်းကို Plural Noun (အများကိန်းနာမ်) ဟုခေါ်သည်။

### Singular Nouns (တစ်ခုကိန်းနာမ်) များကို Plural Nouns (အများကိန်းနာမ်) ပြောင်းနည်း

(၁) နာမ်အများစုကို အများကိန်း ပြောင်းပါက "s" ပေါင်းထည့်ပေးရသည်။

| Singular (တစ်ခုကိန်း) | plural (အများကိန်း) |
|---|---|
| a computer | computers |
| a chair | chairs |
| a train | trains |
| a player | players |
| a teacher | teachers |
| a taxi | taxis |
| a mountain | mountains |

(၂) Noun နာမ်သည် "s", "ss", "sh", "ch", "x" ဆုံးလျှင် "es" ပေါင်းထည့်ပေးရသည်။

| Singular (တစ်ခုကိန်း) | plural (အများကိန်း) |
|---|---|
| bus | buses |
| glass | glasses |
| dress | dresses |
| branch | branches |
| church | churches |
| beach | beaches |

(၃) Noun နာမ်သည် "y" ဆုံးပြီး "y" ရဲ့အရှေ့တွင် "a, e, i, o, u" "သရ" ရှိပါက "y" ကို "s" ပေါင်းထည့်ပေးရသည်။

| Singular (တစ်ခုကိန်း) | plural (အများကိန်း) |
|---|---|
| key | keys |
| monkey | monkeys |
| donkey | donkeys |
| toy | toys |
| boy | boys |
| cowboy | cowboys |
| day | days |
| tray | trays |

"y" ရဲ့အရှေ့တွင် "a, e, i, o, u" မဟုတ်ဘဲ "ဗျည်း" ၂၁ လုံးရှိပါက "y" ကို "i" ပြောင်းပြီး "es" ပေါင်းပေးရသည်။

| Singular (တစ်ခုကိန်း) | plural (အများကိန်း) |
|---|---|
| baby | babies |
| family | families |
| story | stories |
| teddy | teddies |
| fairy | fairies |
| puppy | puppies |
| housefly | houseflies |

(၄) Noun နာမ်သည် "f" သို့မဟုတ် "fe" ဖြင့်ဆုံးလျှင် "f" "fe" ကိုဖြုတ်ပြီး "ves" ပြောင်းပေးရသည်။

| Singular (တစ်ခုကိန်း) | plural (အများကိန်း) |
|---|---|
| half | halves |
| leaf | leaves |
| shelf | shelves |
| wolf | wolves |
| thief | thieves |
| knife | knives |

သို့သော် အချို့နာမ်များသည် "f" ဖြင့်အဆုံးသတ်ပေမယ့် အများကိန်းပြောင်းရာတွင် "s" ပေါင်းထည့်ပေးရသည်။

| Singular (တစ်ခုကိန်း) | plural (အများကိန်း) |
|---|---|
| chief | chiefs |
| roof | roofs |
| handkerchief | handkerchiefs |
| cliff | cliffs |
| puff | puffs |

"f" ဖြင့်အဆုံးသတ်သည့် အချို့နာမ်များကို အများကိန်းပြောင်းရာတွင် "s" သို့မဟုတ် "ves" နှစ်မျိုးစလုံး ပေါင်းထည့်ပေးနိုင်သည်။

| Singular (တစ်ခုကိန်း) | plural (အများကိန်း) |
|---|---|
| scarf | scarfs or scarves |
| hoof | hoofs or hooves |
| dwarf | dwarfs or dwarves |
| wharf | wharfs or wharves |

(၅) "o, oo, eo, io, yo" ဖြင့်ဆုံးသောနာမ်များကို အများကိန်းပြောင်းပါက "s" ပေါင်းထည့်ပေးရသည်။

| Singular (တစ်ခုကိန်း) | plural (အများကိန်း) |
|---|---|
| photo | photos |
| piano | pianos |
| solo | solos |
| dynamo | dynamos |
| bamboo | bamboos |

သို့သော် "o" ဖြင့်ဆုံးသော အချို့နာမ်များကို အများကိန်းပြောင်းပါက "es" ပေါင်းထည့်ပေးရသည်။

| Singular (တစ်ခုကိန်း) | plural (အများကိန်း) |
|---|---|
| tomato | tomatoes |
| potato | potatoes |
| hero | heroes |

"o" ဖြင့်ဆုံးသော အချို့နာမ်များကို အများကိန်းပြောင်းပါက "s" သို့မဟုတ် "es" နှစ်မျိုးစလုံး ပေါင်းထည့်နိုင်သည်။

| Singular (တစ်ခုကိန်း) | plural (အများကိန်း) |
|---|---|
| mosquito | mosquitos/mosquitoes |
| portico | porticos/porticoes |

(၆) အများကိန်း သီးသန့် ရှိပြီးသားဖြစ်သည့် Irregular Nouns များကို ကျက်မှတ်ထားရမည်။

| Singular (တစ်ခုကိန်း) | plural (အများကိန်း) |
|---|---|
| man | men |
| woman | women |
| child | children |
| person | people |
| mouse | mice |
| tooth | teeth |
| foot | feet |
| goose | geese |

မှတ်ရန်။ ။ ကွန်ပျူတာတွင် အသုံးပြုသည့် mouse ကို အများကိန်းပြောင်းပါက **mouses** သို့မဟုတ် **mice** နှစ်မျိုးစလုံး အသုံးပြုနိုင်ပါသည်။

Fish ကို အများကိန်းပြောင်းပါက **fish** သာရေးရသည်။ ငါးမျိုးမတူမှသာ **fishes** ကို အသုံးပြုရပါသည်။

(၇) အချို့နာမ်များကို အမြဲတမ်း အများကိန်းအဖြစ် အသုံးပြုရမည်။

**အမြဲတမ်း အများကိန်းဖြစ်သည့် နာမ်များ**

| | |
|---|---|
| trousers (ဘောင်းဘီရှည်) | glasses (မျက်မှန်) |
| shorts (ဘောင်းဘီတို) | spectacles (မျက်မှန်) |
| jeans (ဂျင်းဘောင်းဘီ) | goggles (ရေကူးမျက်မှန်) |
| pants (ဘောင်းဘီ) | scissors (ကတ်ကြေး) |
| tights (ကိုယ်ကျပ်ဘောင်းဘီ) | binoculars (မှန်ပြောင်း) |

အမြဲတမ်းအများကိန်းဖြစ်သည့် နာမ်များကို တစ်လက်၊ တစ်ထည်၊ တစ်ရန် စသည်ဖြင့် အနည်းကိန်း ပြောင်းရေးပါက **"a pair of ..."** ဖြင့်ရေးသားရမည်ဖြစ်သည်။

| | |
|---|---|
| a pair of trousers | (ဘောင်းဘီရှည် တစ်ထည်) **(British English)** |
| a pair of pants | (ဘောင်းဘီရှည် တစ်ထည်) **(American English)** |
| a pair of glasses | (မျက်မှန်တစ်လက်) |
| a pair of scissors | (ကတ်ကြေး တစ်လက်) |

(အထက်မှာ ဖော်ပြခဲ့တဲ့ Noun အများကိန်း ပြောင်းနည်းတွေကို သေချာမှတ်သားပြီး လေ့ကျင့်ခန်းများကို ဖြေဆိုပါ။)

********************

**စာမျက်နှာ ၂၁ သို့ ❖**

❖ စာမျက်နှာ ၂၀ မှ

Exercise on Singular nouns & Plural nouns

(A) Change the following nouns into their plural form.

| | | | |
|---|---|---|---|
| 1. bus | __________ | 14. mouse | __________ |
| 2. lunch | __________ | 15. key | __________ |
| 3. woman | __________ | 16. rat | __________ |
| 4. boy | __________ | 17. policeman | __________ |
| 5. glass | __________ | 18. wife | __________ |
| 6. man | __________ | 19. sheep | __________ |
| 7. toy | __________ | 20. bench | __________ |
| 8. inch | __________ | 21. enemy | __________ |
| 9. ox | __________ | 22. radio | __________ |
| 10. duty | __________ | 23. knife | __________ |
| 11. tax | __________ | 24. potato | __________ |
| 12. story | __________ | 25. photo | __________ |
| 13. Englishman | __________ | 26. loaf | __________ |

Answers:

(A) 1. buses 2. lunches 3. women 4. boys 5. glasses 6. men 7. toys 8. inches 9. oxen 10. duties 11. taxes 12. stories 13. Englishmen 14. mice 15. keys 16. rats 17. policemen 18. wives 19. sheep 20. benches 21. enemies 22. radios 23. knives 24. potatoes 25. photos 26. loaves

(လာမည့်အပတ်တွင် Collective Nouns (အစုပြနာမ်) အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။)

+++++++++++++++

## Writing

(ဒီတစ်ပတ်မှာ Subject + Verb to be + Adjective (သော မှ သည်) ရေးသားနည်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။)

**Subject + Verb to be + Adjective**

နာမဝိသေသန Adjectives များသည် "သော" ဖြင့် အဆုံးသတ်လေ့ရှိသည်။ သို့သော် ၎င်းတို့ကို Verb to be ဖြင့် တွဲဖက်ရေးသားပါက "သော" မှ "သည်" ဟု အဓိပ္ပာယ်ပြောင်းလဲသွားသည်။

e.g. rice ချမ်းသာသော (He is rich.) သူချမ်းသာတယ် လို့ အဓိပ္ပာယ်ရပါတယ်။

| Subject | Verb to be | Adjective |
|---|---|---|
| I | am | happy. (ကျွန်တော် ပျော်ရွှင်တယ်။) |
| We | are | friendly.(ကျွန်တော်တို့ ရင်းနှီးဖော်ရွေကြတယ်။) |
| You | are | lazy. (မင်း ပျင်းရိတယ်။) |
| They | are | rich. (သူတို့ ချမ်းသာကြတယ်။) |
| He | is | poor. (သူ ဆင်းရဲတယ်။) |
| She | is | pretty. (သူ (မ) လှတယ်။) |
| It | is | expensive. (ထိုဟာ ဈေးကြီးတယ်။) |

e.g. (Positive) U Maung is old. (ဦးမောင် အသက်ကြီးတယ်။)
(Negative) He is not young. (သူ အသက် မငယ်ပါဘူး။)
(Positive Question) Is he rich? (သူချမ်းသာသလား။)
(Short answer) Yes, he is. / No, he isn't.

e.g. (positive) They are expensive. (သူတို့ ဈေးကြီးတယ်။)
(Negative) They are not cheap. (သူတို့ ဈေးမပေါဘူး။)
(Positive Question) Are they expensive? (သူတို့ ဈေးကြီးသလား။)
(Short answer) Yes, they are. / No, they aren't.

Exercise:

**(A) Complete these sentences with "is", "isn't", "are", or "aren't".**

1. The earth ____________ round.
2. Diamonds ____________ cheap.
3. Pillows _________ soft.
4. A balloon ________ heavy.
5. Turtles _________ slow.
6. Chocolate __________ sweet.
7. A rose _________ ugly.
8. Bananas ________ blue.

**(B) Translate the followings into English.**

1. ဇော်ဇော် စာတော်သလား။ (clever)
2. အောင်အောင် ရုပ်ချောတယ်။ (handsome)
3. ဒီပုစ္ဆာ ခက်ခဲသလား။ (difficult)
4. ဒီကစားနည်း လွယ်သလား။ (easy)
5. ဖေဖေ အလုပ်များသလား။ (busy)
6. ကိုမင်း အရပ်ရှည်သလား။ (tall)
7. ကျွန်တော့်အခန်းက သန့်ရှင်းတယ်။ သူ့အခန်းက ညစ်ပတ်တယ်။ (clean/ dirty)
8. သူတို့က ကူညီရိုင်းပင်းကြသလား။ (helpful)
9. ဒီစာအုပ်က ထူတယ်။ ဟိုစာအုပ်က ပါးတယ်။ (thick/ thin)
10. လှလှက ဖော်ရွေတယ်။ သူ့ညီမက မာနကြီးတယ်။ (friendly/ proud)

Ans: (A) 1. is; 2. aren't; 3. are; 4. Isn't; 5. are; 6. is; 7. isn't; 8. aren't;

(B)1. Is Zaw Zaw clever/ smart? 2. Aung Aung is handsome. 3. Is this sum difficult? 4. Is this game easy? 5. Is your father busy? 6. Is Ko Min tall? 7. My room is clean. His room is dirty. 8. Are they helpful? 9. This book is thick. That one is thin. 10. Hla Hla is friendly. Her sister is proud.

***********************

## Grammar Patterns

(ယခင်တစ်ပတ်က Both … and ဖြင့် ရေးသားနည်းအကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာ Neither … nor ဖြင့် ရေးသားနည်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။)

Grade 11 Unit 1 Both… and / Neither … nor / Before & After / Present Simple / Present Continuous / Present Perfect / Present Perfect Continuous Tense

### Neither … nor (နှစ်ခုစလုံးမဟုတ်)

- အငြင်းဝါကျနှစ်ကြောင်းတွင် မတူသော ပုဒ်များကို Neither … nor ဖြင့်ဆက်ပါ။
- Neither… nor တွင် အငြင်းသဘောဆောင်ပြီးသားဖြစ်သည့်အတွက် ဝါကျအတွင်းရှိ အငြင်းကြိယာကို ဖြုတ်ပါ။
- အနည်းအများမတူသော Subject နှစ်ခုကို ဆက်လျှင် nor ၏အနောက်တွင်ရှိသော Subject အနည်း၊ အများကို ကြည့်ပြီး ကြိယာနှင့်တွဲပါ။

e.g. Nyi Nyi doesn't eat beef and neither does Yi Yi.

**Neither** Nyi Nyi **nor** Yi Yi **eats** beef. (ဒီဝါကျမှာ ညီညီနဲ့ ရီရီနှစ်ယောက်စလုံး အမဲသားမစားပါ.. လို့အဓိပ္ပါယ်ရပါတယ်။ nor ရဲ့အနောက်မှာ ရီရီ ရှိတဲ့အတွက် eat မှာ s ထည့်ပေးရတာ ဖြစ်ပါတယ်။)

e.g. U Kyaw was not happy to hear the news. His students were not happy to hear the news.

**Neither** U Kyaw **nor** his students **were** happy to hear the news. (ဦးကျော်နဲ့ သူ့ကျောင်းသားတွေ သတင်းကြားရတော့ ဝမ်းနည်းသွားကြတယ်.. လို့အဓိပ္ပါယ်ရပါတယ်။ nor ရဲ့အနောက်မှာ his students အများကိန်းရှိတဲ့အတွက် were ကိုထည့်ခြင်းဖြစ်ပါတယ်။)

e.g. The teacher was absent today. The students were absent today.

**Neither** the teacher **nor** the students **were present** today. (ဒီဝါကျမှာ အငြင်းမပါတဲ့အတွက် ပေးထားတဲ့ နာမဝိသေသနကို ဆန့်ကျင်ဘက်အဓိပ္ပါယ်ရအောင် ပြောင်းရေးလိုက်တာ ဖြစ်ပါတယ်။)

Exercises:

1. I can't stand the heat. I can't stand the cold wind, either.
   I can ______________________________________.
2. Both Ko Kyaw and Ko Saw are not good at playing chess.
   Neither ______________________________________.
3. Both Yu Yu and Nu Nu don't eat any meat.
   Neither ______________________________________.
4. He does not know what happened. He does not care what happened.
   He neither ______________________________________.
5. She is not beautiful and neither is honest.
   She is neither ____________________________.
6. He did not tell me about his exam results. He did not tell his parents about it.
   He told neither ______________________________________.
7. Uncle Tun and aunty Hla did not buy anything for their children.
8. I have not finished my homework yet. Mya Mya has not finished her homework yet.
9. He has not read this novel yet. His friends have not read this novel yet.
10. I have never been to Singapore. My sister has never been to Singapore.
11. Zaw Lin doesn't get up early morning. His brothers don't get up early morning.
12. Yu Yu is beautiful and so are her sisters.
   Neither ____________________________________.
13. I was absent from the class today and so were my friends.
   Neither ____________________________________.
14. Win Win didn't get the first prize. Thin Thin didn't get the first prize.
15. Our class teacher doesn't wear the glasses. Our headmaster doesn't wear the glasses.
16. He cannot use the computer and neither can his brother.
17. I can't stand the noise. I can't stand the heat, either.
18. The teacher as well as the students was not interested in the lessons.
19. Zar Chi is not an outstanding student. Zar Ni is not an outstanding student.
20. Ko Ko didn't return back home last night. He didn't phone to us.

Answers:

Neither …nor

1. I can stand neither the heat nor the cold wind. 2. Neither Ko Kyaw and Ko Saw is good at playing chess. 3. Neither Yu Yu nor Nu Nu eats any meat. 4. He neither knows nor cares what happened. 5. She is neither beautiful nor honest. 6. He told neither me nor his parents about his exam results. 7. Neither uncle Tun nor aunty Hla bought anything for her children. 8. Neither Mya Mya nor I have finished my homework yet. 9. Neither he nor his friends have read this novel yet. 10. Neither my sister nor I have been to Singapore. 11. Neither Zaw Lin nor his brothers get up early morning. 12. Neither Yu Yu nor her sisters are ugly. 13. Neither my friends nor I was present in the class today. 14. Neither Win Win nor Thin Thin got the first prize. 15. Neither our class teacher nor our headmaster wears the glasses. 16. Neither he nor his brother can use the computer. 17. I can stand neither the noise nor the heat. 18. Neither the teacher nor the students were interested in the lessons. 19. Neither Zar Chi nor Zar Ni is an outstanding student. 20. Ko Ko neither returned back home nor phoned to us last night.

***********************

(လာမည့်အပတ်တွင် Before & After အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## ဒုလ္လဘရဟန်း လက်စွဲကျမ်း

ကိုရင်လောင်း၊ ရဟန်းလောင်းနှင့် သီလရှင်ဝတ်မည့်သူများအတွက် ဆရာတော်၊ သံဃာတော်များ လက်ကိုင်ထားရမည့် စာရေးသူ အရှင်ဇောတိ (နံ့သာနီ) ရေးသားသည့် ဒုလ္လဘရဟန်း လက်စွဲကျမ်းစာအုပ် ထွက်ရှိလာသည်။

ဒုလ္လဘဟူသည် ခေတ္တခဏသင်္ကန်းဝတ်ခြင်းကို ဆိုလိုသည် မဟုတ်ပေ။ ရတောင့်ရခဲခြင်းဟု အဓိပ္ပါယ်ရသည်။ ဤလောကတွင် ရခဲခြင်းတရား ငါးပါးရှိသည်။ ထိုတရားများမှာ (၁) ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ (ဘုရားပွင့်ရာ ကာလကို ရခဲခြင်း)၊ (၂) မနုဿတ္တဘာဝ ဒုလ္လဘ (လူအဖြစ်ကိုရခဲခြင်း)၊ (၃) သဒ္ဓါ သမ္ပတ္တိ ဒုလ္လဘ ( သဒ္ဓါတရားနှင့် ပြည့်စုံနိုင်ခဲခြင်း၊ (၄) ပဗ္ဗဇ္ဇိတဘာဝ ဒုလ္လဘ (ရဟန်းအဖြစ်၊ ရဟန်းဘဝကို ရခဲခြင်း၊ (၅) သဒ္ဓမ္မသဝနအတိ ဒုလ္လဘ (သူတော်ကောင်းတရား၊ မှန်ကန်သောတရား)တို့ကို ကြားနာရခြင်းကို အလွန်ရခဲခြင်းတို့ဖြစ်သည်။

ဖော်ပြပါ ငါးပါးတို့ကို မိမိသည် လက်ကိုင်ရရှိထားသည်ဖြစ်ရာ အခွင့်သာခိုက် အခွင့်ပေးခိုက်တွင် ယုံကြည်မှုသဒ္ဓါတရား၊ ကြိုးစားမှု ဝီရိယ၊ ထက်မြက်မှုပညာတို့ကို ရှေ့တန်းတင်ကာ အခွင့်ကောင်းကို အရယူရမည်ဖြစ်သည်။

ဤသို့ သဒ္ဓါတရားရှိပြီး မြင့်မြတ်သော ရဟန်းဘဝအဖြစ်နှင့် အချိန်ကို လွန်စွာအကျိုးရှိစေရန် အသုံးချသည်က မှန်၏။

သို့သော် ရဟန်းအဖြစ်နှင့် မည်သို့မည်ပုံဖြည့်ကျင့်မှ ပို၍ အကျိုးဖြစ်ထွန်းနိုင်စေရန် အဆိုပါစာအုပ်ကို လေ့လာခြင်းဖြင့် သင့်ကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်သည်။

စာအုပ်ကို ရွှေပြည်သာစာပေ ဖုန်း-၀၉ ၇၉၄၁၂၀၂၁၂၊ ၀၉ ၄၄၃၃၅၉၀၆၀နှင့် ဦးရန်ပိုင် ဖုန်း-၀၉ ၈၉၆၂၃၄၀၃၃တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ဖြင့် ဖြန့်ချိသည်။




## အဆိပ်မရှိတဲ့ဝိုင်

စာရေးသူ ပန်းသစ္စာ(Narrator) စီစဉ်ရေးသားသည့် အဆိပ်မရှိတဲ့ဝိုင် စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်၏ နွေရယ် မိုးရယ် ဝိညာဉ်တွေရယ် ခေါင်းစဉ်ဖြင့် "နွေ" နွေဦးလေဟာ ရက်စက်စွာနဲ့ ပုရစ်ဖူးတွေကို ခြွေချခဲ့တယ်။ ဝိညာဉ်ငယ်တွေဟာ လေခလို့ မြေသို့ဆင်းသက်ကြွေကျခဲ့ရပြီးပါပြီ။

"မိုး" မိုးဦးလေက မျက်ရည်မိုးတွေကို ကြမ်းတမ်းစွာရွာသွန်းလို့ ရော်ရွက်ဝါတွေကို တစ်ဖန် ခြွေချရက်ပြန်တယ်။ ပင်မှည့်တွေဟာလည်း မြေပြင်ထက်သို့ တဖြုတ်ဖြုတ်နဲ့ တစ်သုတ်ပြီးတစ်သုတ် ကြွေကျလို့ သက်ဆင်းသွားကြရပြန်ပါပြီ။

မကြာမီ လာမည့်ဆောင်းဦးလေလေးရယ် နာကျင်စွာနဲ့ ငါဒီလိုသာ မျှော်လင့်ဆုတောင်းမိပါ၏။ ရွက်သစ်တွေတဝေဝေနဲ့ ပင်စည်သစ်နှင့်အတူ အားဖြည့်ဝေဆာစွာ ဖူးပွင့်စေရန် နေခြည်သစ်လေး လောင်းပေးလှည့်ပါ။ ကျန်ရစ်တဲ့ တို့များရဲ့စိတ်ဝိညာဉ်တွေ အေးချမ်းပါရစေတော့ရှင်။

ထို့အပြင် လွမ်းမိပါသည် မြတ်ဆရာ၊ သံစဉ်မဲ့၊ ကြမ်းခင်းစသည့် ကဗျာပုဒ်ရေ ၅၆ ပုဒ်ကိုရေးသားထားသည်။

စာအုပ်ကို သုဒန္တစာပေ၊ အမှတ် (၃၁)၊ (၆)လွှာ၊ နှင်းဆီကုန်းလမ်း၊ အလုံ၊ ရန်ကုန်မြို့မှထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၅၀၀ သတ်မှတ်ထားသည်။




## MSME များအတွက် HR စီမံခန့်ခွဲမှုအတွေးများ

စာရေးသူ မြင့်မောင် (Phil.Q) စီစဉ်ရေးသားသည့် MSME များအတွက် HR စီမံခန့်ခွဲမှုအတွေးများစာအုပ် ထွက်ရှိလာသည်။

စာရေးသူ ကိုယ်ပိုင်နှင်းဆီခြံလုပ်ငန်းအတွေ့အကြုံ၊ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းအမျိုးမျိုး၌ စီမံခန့်ခွဲရေးရာထူးအဆင့်ဆင့်ဖြင့် လုပ်ခဲ့ရသည့်အတွေ့အကြုံ၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုသည် လုပ်ငန်းအဖွဲ့အစည်း အောင်မြင်ရခြင်း၏ အဓိကအကျဆုံးအကြောင်းတစ်ခုဖြစ်၏။ မည်သည့်အတွက် အဓိကအကျဆုံးဖြစ်ကြောင်းကို အဆိုပါစာအုပ်တွင်တင်ပြထားသည်။ လုပ်ငန်းတစ်ခုလုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များအတွက် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုပညာရပ်ကို အလေးအနက်ထားအသုံးချရန်အားပေးလိုမှု၊ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုသဘောတရားနှင့် နည်းနိဿယများအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ဖြစ်စေ ဖြည့်ဆည်းပေးလိုမှုတို့ဖြင့် ထိုစာအုပ်ကရေးသားလိုက်ခြင်းဖြစ်သည်။

စာအုပ်ကို မိုးစွန်ကြယ်စာပေ၊ အမှတ် (၂၇)(က)၊ (၅၅)လမ်း (အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၈၀၀၀ သတ်မှတ်ထားသည်။




## ကံကံ၏အကျိုးပေးနှင့်ဖြစ်ရပ်မှန်ဝတ္ထုတိုများ စုစည်းမှု စာအုပ်ဖြန့်ချိ

စိုးတင့်(ဧရာဝတီ)ရေးသားပြုစုထားသည့် ကံကံ၏အကျိုးပေးနှင့်ဖြစ်ရပ်မှန်ဝတ္ထုတိုများ စုစည်းမှု စာအုပ်ထုတ်ဝေဖြန့်ချိထားသည်။

စာရေးသူသည် အမျိုးသားစာပေဆုရရှိထားသူဖြစ်ပြီး အနာဂတ်မျိုးဆက်သစ်လူငယ်များအား အောင်မြင်သောဘဝများပိုင်ဆိုင်ပြီး တိုင်းပြည်ကို အကျိုးပြုမည့်နိုင်ငံ့သားကောင်း သမီးကောင်းများ ဖြစ်လာစေရန် အကောင်းအဆိုးများကို လေ့လာအတုယူနိုင်စေရေး စာရေးသူ၏ ကိုယ်တွေ့ဖြစ်ရပ်မှန် အကြောင်းအရာများကို ခြယ်မှုန်းတင်ပြထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်တွင် ကံကံ၏အကျိုးပေး၊ အဘွားအိုဒေါ်ဒေါ်န၊ သစ်ပင်တန်ဖိုးချစ်မြတ်နိုး၊ တပ်သစ်မှတ်တမ်း အလွမ်းပဒေသာ၊ ဂုဏ်သိက္ခာတိုက်ပွဲဟု ဆိုချင်ပါသည်၊ မေတ္တာအောင်ပွဲ၊ ကိုဗစ်လှိုင်းများကို ကျော်ဖြတ်ခြင်းနှင့် ဇာတ်လမ်းရယ်စုံ ညောင်နှစ်ပင်ခုန်စသည့် ဖြစ်ရပ်မှန်ဝတ္ထုတို စုစုပေါင်း ၁၁ ပုဒ်ဖြင့်စုစည်းဖော်ပြထားသည်။

အဆိုပါစာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက် ရန်ကုန်ဘူတာကြီး၊ အမှတ်(၁)စကြံ (ပန်းဆိုးတန်း ခုံးကျော်တံတားအောက်) မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးစာတိုက် ရန်ကုန်မြို့ ဖုန်း ၀၉-၈၈၃၄၈၃၇၁၈၊ ၀၉-၉၇၃၆၅၃၆၂၅ တို့မှ တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့်ဖြန့်ချိထားသည်။

❒ ကျောဖုံးမှ

စုစုပေါင်းရိုက်ချက် ၁၆၀ ဖြင့် ဒုတိယဆုရရှိသော အောင်သန်းထွဋ်၊ စုစုပေါင်းရိုက်ချက် ၁၅၇ ချက်ဖြင့် ပထမဆုရရှိသော ဇာနည်ထွန်းဝင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်လွင်လွင်အောင်က အမျိုးသမီး ၁၄ နှစ်အောက်သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၂၂၁ ချက်ဖြင့် တတိယဆုရရှိသော ယုယု၊ စုစုပေါင်းရိုက်ချက် ၂၁၇ ချက်ဖြင့် ဒုတိယဆုရရှိသော သီရိခိုင်ဇော်၊ စုစုပေါင်းရိုက်ချက် ၁၅၅ ချက်ဖြင့် ပထမဆုရရှိသော ချိုသာအောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်မြင့်မြင့်သန်းက အမျိုးသမီး ၁၈ နှစ်အောက်သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၈၄ ချက်ဖြင့် တတိယဆုရရှိသော အေးစုအောင်၊ စုစုပေါင်းရိုက်ချက် ၁၇၉ ချက်ဖြင့် ဒုတိယဆုရရှိသော ဆုနှင်းဖြူ၊ စုစုပေါင်းရိုက်ချက် ၁၆၅ ချက်ဖြင့် ပထမဆုရရှိသော စုလတ်အောင်၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးမြင့်အောင်က အသက် ၁၄ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၆၅ ချက် ဖြင့် တတိယဆုရရှိသော ကောင်းဆက်ဝန်း၊ စုစုပေါင်းရိုက်ချက် ၁၆၄ ချက်ဖြင့် ဒုတိယဆုရရှိသော သုတ၊ စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် ပထမဆုရရှိသော ထွန်းထွန်းဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက အသက် ၁၈ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် တတိယဆုရရှိသော မင်းခန့်သော်၊




စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် ဒုတိယဆုရရှိသော ထက်အောင်ဝင့်၊ စုစုပေါင်းရိုက်ချက် ၁၄၉ ချက်ဖြင့် ပထမဆုရရှိသော ပြည့်ဖြိုးထွဋ်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

32nd Junior Golf Myanmar Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)၌ မတ် ၃၀ ရက်မှ ၃၁ ရက်အထိ နှစ်ရက်ကြာကျင်းပခဲ့ခြင်းဖြစ်သည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-MGF

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**လမ်းဦးစီးဌာန၊ ဘုတ်ပြင်းခရိုင်**
**( ၁/၂၀၂၄-၂၀၂၅ ) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ဘုတ်ပြင်းခရိုင်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါ၍ စိတ်ဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်/အချိန် | - | ၂၂-၄-၂၀၂၄ (တနင်္လာနေ့) ရုံးချိန်အတွင်း |
| ၃။ | တင်ဒါလျှောက်လွှာ ပိတ်မည့် ရက်/အချိန် | - | ၁၆-၅-၂၀၂၄(ကြာသပတေးနေ့) နံနက် ( ၁၁:၀၀ )နာရီ |
| ၄။ | တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် | - | ၂၀-၅-၂၀၂၄(တနင်္လာနေ့) နံနက် ( ၁၀:၀၀ )နာရီ |
| ၅။ | တင်ဒါတင်သွင်း၊ စိစစ်ဖွင့်လှစ်ရွေးချယ်မည့်နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ဘုတ်ပြင်းခရိုင်၊ ဘုတ်ပြင်းမြို့ |

၆။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ ဘုတ်ပြင်းခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း-၀၅၉-၄၇၅၀၀၇၅ ကို ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

**တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင်**
**စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်**

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၅-၂၀၂၄ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ် ထက် မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်း (သို့) Grade-9 အောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများ နှင့်အတူ ၄-၃-၂၀၂၄ ရက်နေ့မှ ၁၇-၄-၂၀၂၄ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာအဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက် လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့ စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထား ခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလ အတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သား အခြေခံ လစာ (၁၅၀၀၀၀)ကျပ်နှင့် စရိတ်များ ခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရုံး/ဝန်ထမ်း တပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက် ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁ / ၂၀၂၄-၂၀၂၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-001(24-25)CAP | Email Server and Accessories (1) Lot | Ks |
| (၂) | DMP/L-002(24-25)CAP | 13 5/8" x 5000 PSI Annular BOP (1) Set | Ks |
| (၃) | DMP/L-003(24-25)CAP | 1500 Series Well Head & Christmas Tree Equipment (2) Sets | Ks |
| (၄) | DMP/L-004(24-25)CAP | System Revamping and Spare Parts Requirement for Ywama Gas Distribution Station (1) Lot | Ks |
| (၅) | DMP/L-005(24-25)CAP | System Revamping and Spare Parts Requirement for 24" Pipe Line (Daw Nyein) (1) Lot | Ks |
| (၆) | DMP/L-006(24-25)CAP | 20" LSAW and 14" ERW API 5L Grade X-46 MS 3LPE Coated Steel Line Pipe (2) Items | Ks |
| (၇) | DMP/L-007(24-25)CAP | 12" and 10" HFERW API 5L Grade X-42 MS 3 LPE Coated Steel Line Pipe (2) Items | Ks |
| (၈) | DMP/L-008(24-25)CAP | Single Pump Cementing Unit with Engine (1) Set | Ks |
| (၉) | DMP/L-009(24-25)CAP | Spare Parts for SJS Serva Cementing Unit (35) Items | Ks |
| (၁၀) | DMP/L-010(24-25)CAP | Spare Parts for F-1600 Mud Pump Ex ZJ 70L Drilling Rig (12) Items | Ks |
| (၁၁) | DMP/L-011(24-25)CAP | Spare Parts for 3 NB 1300 C Mud Pump Ex ZJ 50D Drilling Rig (10) Items | Ks |
| (၁၂) | DMP/L-012(24-25)CAP | Spare Parts for BJ and HT 400 Cementing Unit (2) Groups | Ks |
| (၁၃) | DMP/L-013(24-25)CAP | Assorted Thickness of M.S Plates for Repairing of Mann-1 (3) Items | Ks |
| (၁၄) | DMP/L-014(24-25)CAP | Assorted Thickness of M.S Plates for Repairing of Yenan-1 (4) Items | Ks |
| (၁၅) | DMP/L-015(24-25)CAP | Assorted Thickness of M.S Plates for Repairing of Yenan-3 (3) Items | Ks |
| (၁၆) | DMP/L-016(24-25)CAP | Steam Boiler Capacity (1-1.5 Ton/Hr) (1) Set | Ks |
| (၁၇) | DMP/L-017(24-25)CAP | Skid Mounted Crude Transfer Pump with Engine (2) Items | Ks |
| (၁၈) | DMP/L-018(24-25)CAP | Spare Parts for Safe Compressor (MP) (26) Items | Ks |
| (၁၉) | DMP/L-019(24-25)CAP | Spare Parts for Aspro Compressor (23) Items | Ks |
| (၂၀) | DMP/L-020(24-25)CAP | Spare Parts for Safe Compressor (LP) (34) Items | Ks |
| (၂၁) | DMP/L-021(24-25)CAP | Spare Parts for Intermech Compressor (13) Items | Ks |
| (၂၂) | DMP/L-022(24-25)CAP | Spare Parts for IMW Compressor (22) Items | Ks |
| (၂၃) | DMP/L-023(24-25)CAP | 400-510 KW Gas Engine Generator Complete Set (1) Set | Ks |
| (၂၄) | DMP/L-024(24-25)CAP | Mud Testing Equipment (6) Items | Ks |
| (၂၅) | DMP/L-025(24-25)CAP | Mud Logging Unit (16) Items | Ks |
| (၂၆) | DMP/L-026(24-25)CAP | Workstation Computer and Online UPS (3 KVA) (2) Items | Ks |
| (၂၇) | DMP/L-027(24-25)CAP | GM 6V 71 Engine Assembly and GM 6V 53 Engine Assembly (2) Items | Ks |
| (၂၈) | DMP/L-028(24-25)CAP | Allision Transmission Assembly (2) Items | Ks |
| (၂၉) | DMP/L-029(24-25)CAP | Spare Parts for Drive Group (1) Lot | Ks |
| (၃၀) | DMP/L-030(24-25)CAP | Seismic Data Processing Software (1) Set | Ks |
| (၃၁) | DMP/L-031(24-25)CAP | 12 KV, 630 A Vaccum Circuit Breaker (VCB) Switch Gear Panel Complete Set with Control & Power Bank (2) Sets | Ks |
| (၃၂) | DMP/L-032(24-25)CAP | 1.5 MW Gas Engine Driven Generating Set (Container Type) Attached with Switch Gear Panel (1) Set | Ks |
| (၃၃) | DMP/L-033(24-25)CAP | Laboratory Equipment (11) Items | Ks |
| (၃၄) | DMP/L-034(24-25)CAP | Spare Parts for D 85ESS-2 Komatsu Dozer (1) Lot | Ks |
| (၃၅) | DMP/L-035(24-25)CAP | Spare Parts for VSAT (Outdoor & Indoor Unit) (1) Lot | Ks |
| (၃၆) | DMP/L-036(24-25)CAP | Spare Parts for CAT G-3508 Gas Engine (1) Lot | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၄-၂၀၂၄ ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် **(energy.gov.mm)** တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၂၂-၄-၂၀၂၄ ရက်နေ့ (၁၃:၀၀)နာရီတွင်** နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက် ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း၊ ၀၆၇-၄၁၁၂၀၆**

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးသုတေသနဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးသုတေသနဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း၊ အသုံးစရိတ်ဖြင့် ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်ရှိ မွေးမြူရေးသုတေသနစခန်းတွင်(ချောင်းသာ)အောက်ဖော်ပြပါ စခန်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း)(၁၂)ခု1-Lot)ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ ပြည်တွင်းလုပ်ငန်းရှင်များ တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

(က) သားပေါက်ပြုစုကန်အဆောက်အဦပြုပြင်ခြင်း(၆၀'x၄၈'x၉') (RC)
(ခ) သားလောင်းပြုစုကန်အဆောက်အဦပြုပြင်ခြင်း(၄၅'x၄၈'x၉') (RC)
(ဂ) Phyto lab နှင့် ဓာတ်ခွဲခန်းအဆောက်အဦပြုပြင်ခြင်း (၁၉'x၃၄'x၉')
(ဃ) သက်ရှိအစာလုပ်ငန်း အဆောက်အဦပြုပြင်ခြင်း (၁၈'-၆"x၁၁၃'x၉')
(င) မီးစက်ရုံတည်ဆောက်ခြင်း(၁၅'x၂၈'x၁၀')
(စ) လေပေးစက်ရုံတည်ဆောက်ခြင်း(၁၄'x၁၄'x၈')(RCထပ်-၁)
(ဆ) ရေစစ်ကန်တည်ဆောက်ခြင်း(၁၄'x၁၄'x၁၀')(RC)
(ဇ) ရေငန်တင်စက်ရုံတည်ဆောက်ခြင်း(၁၃'x၁၃'x၉'-၆")(RC)
(ဈ) ရေငန်လှောင်ကန်တည်ဆောက်ခြင်း(၄၄'x၄၄'x၅'-၉")(RC)
(ည) ပင်လယ်ရေရရှိရန်ပိုက်လိုင်းများသွယ်တန်းခြင်းနှင့်လေပိုက်လိုင်းသွယ်တန်းခြင်း( ၁၀၀၀' )
(ဋ) မျိုးပုစွန်ပြုစုကန်တည်ဆောက်ခြင်း(၄၆'x၂၈'x၁၀')
(ဌ) 160 KVA Trasformer နှင့် 400 Volt မီးလိုင်း သွယ်တန်းခြင်းလုပ်ငန်း

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁-၄-၂၀၂၄ ရက်(တနင်္လာနေ့)
၃။ တင်ဒါပိတ်သိမ်းမည့်ရက် - ၁၄-၄-၂၀၂၄ ရက်(တနင်္လာနေ့)
၄။ တင်ဒါပိတ်သိမ်းမည့်အချိန် - ၁၄-၄-၂၀၂၄ရက် ညနေ(၄)နာရီ
၅။ တင်ဒါရောင်းချမည့်နေရာ - စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာန၊ ရေဆင်းနယ်မြေ
၆။ တင်ဒါတင်သွင်းရမည့်နေရာ - စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊မွေးမြူရေးသုတေသနဦးစီးဌာန၊ ရေဆင်းနယ်မြေ
၇။ တင်ဒါဖွင့်လှစ်မည့်နေ့ရက် - ထပ်မံကြေညာသွားပါမည်။
၈။ အသေးစိတ်သိရှိလိုပါက မွေးမြူရေးသုတေသနဦးစီးဌာန၊စီမံခန့်ခွဲရေးနှင့်ဘဏ္ဍာရေးဌာနခွဲဖြည့်တင်းသိုလှောင်ရေးနှင့် မွေးမြူရေးအင်ဂျင်နီယာဌာနစု၊ ဖုန်းအမှတ် ၀၆၇၃၄၁၆၅၄၄၊ ၀၉-၄၂၈၉၇၃၀၆၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးသုတေသနဦးစီးဌာန**

### “ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းရပ်ကွက်၊ ပန်းခြံလမ်း၊ တိုက်အမှတ်(၉၆)၊ (အခန်းအမှတ်-၃၀၁)၊ ၂ခန်းတွဲ(၆-ထပ်)တိုက်၏ (တတိယထပ်)၊ အကျယ်အဝန်း (၉၃၆-စတုရန်းပေ)ရှိ တိုက်ခန်း၏အကျိုးခံစားခွင့် အရပ်ရပ်ကို ဝယ်ယူမည်ဖြစ်၍ ပိုင်ဆိုင်ခွင့်ရှိသူဖြစ်လျှင် ကန့်ကွက်နိုင်ပါကြောင်း”

အထက်ဖော်ပြပါတိုက်ခန်း၏အကျိုးခံစားခွင့် အရပ်ရပ်ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး မိမိတစ်ဦးတည်းသာပိုင်ဆိုင် အကျိုးခံစားခွင့်ရရှိထားကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ မိမိ၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သည့် ဦးမွန်းအောင်[၂/လကန(နိုင်)၀၀၅၈၄၃]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ဝင်းထွန်း[၇/ပခန(နိုင်)၁၈၃၆၁၇]နှင့် ဒေါ်မေမြတ်မွန်[၁၂/ဥကတ(နိုင်)၁၃၀၅၄၇]တို့က ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်ခွင့်ရှိသူများမှ ခိုင်လုံသောသက်သေအထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ ရက်ကျော်လွန်ပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဖက်သဘောတူညီမှုများအတိုင်း ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဝင်းထွန်းနှင့်ဒေါ်မေမြတ်မွန်တို့၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်ထားဆွိ LL.B, D.I.L, Dip in Eng အထက်တန်းရှေ့နေ(စဉ်-၄၂၈၉၉)**
**Ph:09-972734996, 09-791454531**
**အမှတ်(၂၇)၊ မြေညီ၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။**




### “ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အောင်ချမ်းသာ(၁)ရပ်ကွက်၊ ဗိုလ်မိုးလမ်းသွယ်(၂)၊ မြေကွက်အမှတ်(၈၄)၊ သန်လျင်မြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစံရင်အမည်ဖြင့် ချထားပေးသော မြေဧရိယာ(၄၀x၆၀)ပေရှိ မြေထဲမှ ခေါင်းရင်းဘက်ခြမ်းရှိ မြေဧရိယာ(၂၀x၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား မူလပိုင်ရှင်ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် အပြီးအပိုင်ဝယ်ယူထား၍ တစ်ဦးတည်းတရားဝင်လက်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကာ နောက်ဆုံးပိုင်ရှင်ဖြစ်ပြီး လွှဲပြောင်း၊ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဒေါ်မျိုးစပယ်(ဘ)ဦးမျိုးမြင့် [၁၂/မဂတ(နိုင်)၀၃၄၁၁၈]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း၊ အရောင်းအဝယ် ကတိစာချုပ်မူရင်း အထောက် အထားများဖြင့် ဤကြော်ငြာပါ သည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၁၅၆၈/က)ဟုခေါ်တွင်သော အိမ်အမှတ် (၁၅၆၈/က)၊ နတ်မောက်လမ်း၊ (၁၈k)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ဦးမြအောင် (ဘ) ဦးမျိုး(CE-064094)အမည်ပေါက် ပေ(၂၀x၆၀) ကျယ်ဝန်းသည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၂)ထပ်အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိ စာချုပ်အဆက်အစပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းဇော်ဦး (ဘ) ဦးအောင်ငွေ [၁၂/သဃက(နိုင်)၀၉၇၈၆၇] မှ ရောင်းချမည်ဖြစ်ကြောင်းကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုနွယ်ဝင်း [၁၂/သဃက(နိုင်)၁၆၉၆၄၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက်(ရောင်းဖိုးငွေ၏) တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါ သည့်နေ့မှစ၍ ( ၇ )ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP)** | **ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄)** |

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

# ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

**S.C.S. & COMPANY,** No.(37), Velayuthapandian Street, Yangon Complex, ( M.C. Road ) Old Washermenpet, Chennai-600021, India.သည် အောက်ဖော်ပြပါ **GOLD DURIAN** အမှတ်တံဆိပ်၏ပိုင်ရှင်ဖြစ်ပြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် Application Number ( T/2023/009056 )ဖြင့် အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခဲ့ပြီးဖြစ်ပါသည်-




IV-2408/2016 & IPD Application Number ( T/2023/009056 )

အဆိုပါ **GOLD DURIAN** အမှတ်တံဆိပ်ကို အသုံးပြုကပ်နှိပ်၍ **S.C.S. & COMPANY** မှ ထုတ်လုပ်သော **“အမျိုးသားနှင့်အမျိုးသမီးဝတ် အင်္ကျီအမျိုးမျိုး၊ လုံချည်အမျိုးမျိုး၊ တီရှပ်၊ စွပ်ကျယ်နှင့် အဝတ်အထည်အမျိုးမျိုး”** တို့ကို မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ယခုအခါ အဆိုပါ GOLD DURIAN အမှတ်တံဆိပ်ပါ အမျိုးသမီးဝတ်လုံချည်အမျိုးမျိုး၏ ကောင်းသောဂုဏ်သတင်းကို အခွင့်ကောင်းယူကာ အချို့သောလုပ်ငန်းရှင်များသည် အဆိုပါ အမှတ်တံဆိပ်နှင့်အမည်အမှတ်အသားကို ဆင်တူယိုးမှားပြုလုပ်၍ ထုတ်လုပ်ထားသည့် အမျိုးသမီးဝတ်လုံချည်အမျိုးမျိုးကို ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေကြောင်း သိရှိရပါသည်။

ယင်းသို့ ဖြန့်ဖြူးရောင်းချနေသူများအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ အဆိုပါ GOLD DURIAN အမှတ်တံဆိပ်ပါ အမျိုးသမီးဝတ်လုံချည်အမျိုးမျိုးကို ထုတ်လုပ်ခြင်း၊ မှာယူတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် လက်ဝယ်ထားရှိခြင်းများ လုံးဝ(လုံးဝ) မပြုလုပ်ကြပါရန် သတိပေးတားမြစ်ပါသည်။ အကယ်၍ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ပြစ်မှုကြောင်းနှင့် တရားမကြောင်းတို့အရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဦးသွင်ဇာနည်ဦး
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၃၅၅)
အမှတ်-၁၇၆(ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁၈-၂၉၆၁၃၂၊ ၀၁၈-၂၀၃၄၉၆။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ကိုယ်ချင်းစာသည့်အပိုင်း၌ သဘောကောင်းခြင်းနှင့် စေတနာကောင်းခြင်းကို ခွဲခြားသိမြင်နိုင်ရန်လိုပြီး ရေတိုအလုပ်ဖြစ်စေရန် သဘောကောင်းသည်မျိုးမဟုတ်ဘဲ ရေရှည်အကျိုးကိုကြည့်ပြီး စေတနာထားဆောင်ရွက်သွားကြရမည်ဖြစ်...

❖ ကွပ်ကဲအုပ်ချုပ်မှု အောင်မြင်ရန်အတွက်လည်း မိမိအုပ်ချုပ်ရသည့် လက်အောက်ငယ်သားကို ကျောသားရင်သားမခွဲခြားဘဲ ညီညွတ်မျှတစွာ အုပ်ချုပ်သွားရမည်ဖြစ်...

❖ တစ်ဦးချင်းစီ၏ စိတ်နေသဘောထားနှင့် လုပ်ဆောင်နိုင်စွမ်းများ၊ အားသာချက်နှင့် အားနည်းချက်များကိုလည်း သိရှိအောင်ဆောင်ရွက်ပြီး လူမှန်၊ နေရာမှန် တာဝန်ပေးအပ်နိုင်ရေး လုပ်ဆောင်သွားရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅)သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ
အသိပေးကြေညာချက်
၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်)

ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးမည့်ကိစ္စရပ်များ မပါ)အား ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တန်ဇန်းနီးယားနိုင်ငံတောင်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ၁၆၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်**

စာမျက်နှာ » ၁၃

**မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းကျော် သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄



ရှမ်းယူနိုက်တက်အသင်းမှ ရဲရင့်အောင် ထိုးဖောက်ဂိုးသွင်းနေစဉ်။

## MNL Cup ပြိုင်ပွဲတွင် အသင်းကြီးအများစု ဂိုးပြတ်နိုင်ပွဲရရှိ

ရန်ကုန် မတ် ၃၁

၂၀၂၄ MNL Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်(၄) ပထမနေ့ကို မတ် ၃၁ ရက်က ကွင်းလေးကွင်း၌ ပြန်လည်ကျင်းပရာ အသင်းကြီးအများစု ဂိုးပြတ်အနိုင်ရခဲ့သည်။

စာမျက်နှာ ၁၈ ကော်လံ ၃ သို့ ❍

## မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း အာဖဂန်နစ္စတန်အသင်းကို အနိုင်ရ

ရန်ကုန် မတ် ၃၁

၂၀၂၄ အာရှဖလား ဖူဆယ်ပြိုင်ပွဲ နောက်ဆုံးအဆင့်အတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနှင့် အာဖဂန်နစ္စတန် လက်ရွေးစင်အသင်းတို့၏ ခြေစမ်းပွဲ ဒုတိယပွဲစဉ်ကို မတ် ၃၁ ရက်က ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖



## 32nd Junior Golf Myanmar Championship ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၃၁

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ကကြီးမှူး၍ Junior Golf Myanmar (JGM) ၏ (၃၂)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ကို မတ် ၃၁ ရက်က ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း(တည်ငြိမ်ကုန်း)၌ ကျင်းပသည်။

**ဆုများချီးမြှင့်**

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးဌေးအောင်က အသက် ၁၂ နှစ်အောက်(အမျိုးသား) သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၆၄ ချက်ဖြင့် တတိယဆုရရှိသော ထူးမြတ်အောင်၊

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❒